# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်　၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ တနင်္ဂနွေနေ့　အတွဲ (၆၁)၊ အမှတ် (၁၅၀)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် ငွေပေးချေကတ် Yangon Payment Service(YPS) စနစ် အသုံးပြုပြီး ခရီးအကွာအဝေးအလိုက် ယာဉ်စီးခများကောက်ခံသွားမည်




ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေသည့် YBS ခရီးသည်တင်ယာဉ်တစ်စီးကို တွေ့ရစဉ်။

ရန်ကုန်　ဖေဖော်ဝါရီ　၂၆

YBS ခရီးသည်တင်ယာဉ်များစီးနင်းပြီး ရန်ကုန်မြို့တွင်း ခရီးသွားလာနေကြသည့် ခရီးသွားပြည်သူများအနေဖြင့် ယာဉ်စီးခပေးချေရာတွင် အခက်အခဲမရှိ အဆင်ပြေချောမွေ့စေရေးအတွက် YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် Yangon Payment Service (YPS) ကတ်စနစ် အသုံးပြုပြီး ခရီးအကွာအဝေးအလိုက် ယာဉ်စီးခပေးချေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

" အခုလတ်တလော ခရီးသွားပြည်သူတွေပြောနေကြတဲ့ YBS ခရီးသည်တင် ယာဉ်လိုင်းတွေမှာ ပုံသေယာဉ်စီးခ တိုးမြှင့်ကောက်ခံဖို့ အစီအစဉ် မရှိပါဘူး။ တရားဝင်ခွင့်ပြုထားတာလည်း မရှိပါဘူး။ အရင်ကတည်းက ခရီးအကွာအဝေးအလိုက် နှစ်ရာ၊ နှစ်ရာအပိုင်းလိုက် သွားနေတဲ့ယာဉ်တွေ ရှိပါတယ်။ အခုလက်ရှိမှာ Yangon Payment Service (YPS) ကတ်စနစ်

*စာမျက်နှာ ၄ ကော်လံ ၁* ✪

## ယနေ့ ဖတ်စရာ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Agent ဖြစ်သူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ နိဂုံးချုပ်မိန့်ခွန်း

မိန့်ခွန်း　စာ - ၃



ဖူးစေချင်ညွှန်း မြတ်မော်တင်စွန်း

ဆောင်းပါး　စာ - ၁၀

ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်းသင်ခန်းစာများ (၅) မကျေညက်တဲ့အတိတ်သမိုင်းနှင့်အတူ ယူကရိန်းကပေးတဲ့ သင်ခန်းစာ

ဆောင်းပါး　စာ - ၈

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်း ၇၈၀၀၀ ကျော်အထိ စံချိန်တင်များပြားလာ

နိုင်ငံတကာသတင်း　စာ - ၁၃



မျိုးမှန်မှ အဖိုးတန် အကျိုးမှန်ရမည်

ဆောင်းပါး　စာ - ၁၆

မြန်မာ့အလင်း

## ကာကွယ်ရေးစွမ်းအား မြင့်မားအောင် မြှင့်တင့်

ခေတ်သစ်မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့်အတူ ယှဉ်တွဲ၍ ပေါ်ထွန်းလာခဲ့သော တပ်မတော်ဖြစ်သည်။ ပဒေသရာဇ်ခေတ်နှောင်းကာလ မြန်မာ့အုပ်ချုပ်ရေးမဏ္ဍိုင်တွင် ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲ ပြိုကွဲနေချိန်၊ စစ်ရေးအင်အားကလည်း ခေတ်မမီချည့်နဲ့နေခဲ့ခြင်းက နယ်ချဲ့တို့၏ တစ်ရစ်ပြီးတစ်ရစ် ဝါးမျိုခြင်းကိုခံခဲ့ရပြီး ကျွန်သပေါက်ဘဝကျရောက်စေခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားပြီးနောက် ကိုလိုနီအင်ပါယာကြီးများ တစ်ခုပြီးတစ်ခု ပြိုလဲသွားခဲ့ရပြီး နိုင်ငံများစွာတို့ လွတ်လပ်ရေးရရှိလာခဲ့ကြသည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်လာသည့် နိုင်ငံတိုင်း မိမိတို့၏ နိုင်ငံကို ကာကွယ်နိုင်ရန် ကိုယ်ပိုင်အမျိုးသားကာကွယ်ရေး တပ်ဖွဲ့များကို ထူထောင်ဖွဲ့စည်းကြရသည်။ မြန်မာ့တပ်မတော်သည် နယ်ချဲ့ကို တိုက်ခိုက်ခဲ့ရသလို ဖက်ဆစ်ကိုလည်း တွန်းလှန်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးကာလ ပြည်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲရာမှ ထွက်ပေါ်လာသည့် ဝါဒမျိုးစုံ ရောင်စုံ သောင်းကျန်းမှုများကိုလည်း ရှိသမျှအင်အားဖြင့် ရှင်းလင်းနှိမ်နင်းခဲ့ရသည်။ လွတ်လပ်ပြီးခေတ်မြန်မာ့နိုင်ငံရေးသမိုင်းတွင် တပ်မတော်က အစဉ်တစိုက်ပါဝင်နေရခြင်းသည် အယူဝါဒမတူသည့်နိုင်ငံရေး အင်အားစုများ၊ တိုင်းရင်းသားမျိုးနွယ်စုများအကြား စည်းလုံးညီညွတ်မှု ကင်းမဲ့နေခြင်းကို အဓိက အရင်းခံသည်။ ညီညွတ်မှုမရှိသော သူတစ်လူ ငါတစ်မင်း အခြေအနေမျိုးက အချိန်မရွေး နိုင်ငံကို ပြိုလဲပျက်စီးသွားစေနိုင်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ကာ ပြည်သူလူထုနှင့်အတူလက်တွဲ၍ ထမ်းဆောင်နေခြင်းဖြစ်သည်။ နိုင်ငံ၏ စွမ်းအားသုံးရပ်ဖြစ်သည့် စီးပွားရေးစွမ်းအား၊ နိုင်ငံရေးစွမ်းအားနှင့် ကာကွယ်ရေးစွမ်းအားတို့ ခိုင်မာတောင့်တင်းစေရန် ရည်မှန်းချက်ထားကာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေးတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ အင်အားချင်းတိုင်းတာကြရာ၌ စစ်ရေးအင်အားကို အဓိကထားကြသည်။ စစ်ရေးအင်အားကို စီးပွားရေးနှင့်နိုင်ငံရေးအင်အားနှစ်ရပ်က နောက်မှ ထောက်ပံ့ထားကြခြင်းဖြစ်ရာ ယင်းအင်အားသုံးရပ် ခိုင်မာတောင့်တင်းသည့် နိုင်ငံများကို လေးစားကြရသည်။ ယင်းသို့သော နိုင်ငံမျိုးမှာ ပြည်ပခြိမ်းခြောက်မှု အန္တရာယ်လည်း အလားအလာနည်းကြသည်။ မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်နှင့်ချီသော သမိုင်းရှိခဲ့ပြီး သမိုင်းခေတ်အဆက်ဆက်မှ ဘိုးဘွားမျိုးဆက်တို့က နိုင်ငံကို စုစည်းတည်ထောင် ထိန်းသိမ်းခဲ့ကြသောကြောင့် ယနေ့မျက်မှောက်ကာလ အရှေ့တောင်အာရှဒေသတွင် တစ်ဆက်တစ်စပ်တည်း ကုန်းမြေနယ်နိမိတ်ပိုင်ဆိုင်မှု အကြီးဆုံးသောနိုင်ငံဖြစ်နေရခြင်းဖြစ်သည်။ သို့ရာတွင် နိုင်ငံ၏တည်နေရာနှင့် ပထဝီနိုင်ငံရေးအရလည်းကောင်း၊ ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေး ဝင်ရိုးအချက်အချာအရလည်းကောင်း မိမိတို့နိုင်ငံ၏ မြေပြင်၊ ရေပြင်၊ ကောင်းကင်ပြင် ပိုင်နက်နယ်နိမိတ်တို့ကို အချိန်အခါမလပ် ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေပြီဖြစ်သည်။ အရှေ့တောင်အာရှတွင် အကျယ်ဝန်းဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိ၏ ပိုင်နက်နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရန် ဒေသတွင်း အတောင့်တင်းခိုင်မာဆုံးသော ကာကွယ်ရေးစွမ်းအားကို တည်ဆောက်ထားရမည်ဖြစ်သည်။

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း နိုင်ငံ၏ ကာကွယ်ရေးစွမ်းအားကို အခိုင်မာအတောင့်တင်းဆုံး မြှင့်တင်တည်ဆောက်နိုင်ရန်မှာ နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးတို့ကို အခြေခိုင်မာစွာဖြင့် မြင့်မြင့်မားမား တည်ဆောက်ကြရန် လိုအပ်သည့်အလျောက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပေါင်းစည်းညီညွတ်မှုဖြင့် အားသုံးအား မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## တောင်သူကြွယ်မှ ပြည်လည်းလှ

❁ စပါးပေါ်ချိန် ငွေပေါ်ချိန်ဆို
တစ်ချိန်တုန်းက သူ့ဘဝသည်
လှပသာယာ ရှိခဲ့ပါ၏ ။
❁ သို့သော် ခုခါ သဘာဝဘေး
မလွတ်သေး၍ ငေးမောရင်မှာ
တွေးစရာနဲ့ ခံသာမချိ
ဖြစ်ရဘိ၏ သူ၏ထွက်ကုန်
တောင်လိုပုံလည်း ဈေးကုန်မရ
ဝယ်လက်ကျ၍ တွေ့ရအရှုံး ပေါ်ခဲ့ပြီ။
❁ လယ်သမားနော် သူတို့ပျော်မှ
တိုင်းနော်ပြည်ရေး တကယ်အေးလိမ့်
သူ့အရေးဘဝ အောက်တန်းကျက
နိမ့်ရပြည်ရွာ စည်မသာနိုင်
မဏ္ဍိုင်ပြုထား လယ်သမားတို့
ထွက်အားကောင်းကောင်း သူ့ကုန်ရောင်းမှ
လှုံ့ရရင်သွေး သားငယ်ထွေးကို
မနေးသွတ်သွင်း သာသနာတွင်းသို့
ဝမ်းတွင်းကြည်သာ မင်္ဂလာအပေါင်း
ခဝပ်ညောင်းလိမ့်။
❁ သြော်- သို့မှသာလျှင် သူတို့ဘဝင်၌
ပျော်ရွှင်ချမ်းသာ ပြည်လည်းသာလိမ့်
မှတ်ပါမနေး တောင်သူ့အရေးကို
အားပေးထောက်ရှု ဂရုပြုလော့။ ။

(မတ်လ ၂ ရက်နေ့တွင် ကျရောက်မည့်
တောင်သူလယ်သမားနေ့ကိုဂုဏ်ပြုလျက်- )
ဘိုမျိုး (ရွှေဘို)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## ဆွမ်ပရာဘွမ်မြို့အခြေခံပညာ အထက်တန်းကျောင်း၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



ဆွမ်ပရာဘွမ် ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့၌ ကိုဗစ်-၁၉ မျိုးကွဲသစ်အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းဖြန့်ဝေခြင်းကို ယမန်နေ့က ဆွမ်ပရာဘွမ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ နှာခေါင်းစည်းဖြန့်ဝေရာသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နှာခေါင်းစည်း ၁၀ ထုပ်ပါ အထုပ် ၂၄၀ ကို ပေးအပ်ရာ ဆွမ်ပရာဘွမ်မြို့ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးခိုင်မင်းအောင်က လက်ခံသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်မြင့် ဦးဆောင်သော အဖွဲ့များက KGတန်းမှ Grade 11 တန်းအထိ နှာခေါင်းစည်းများ ဖြန့်ဝေပေးသည်။ **(အပေါ်ပုံ)** ကျောင်းသား ကျောင်းသူများအား စာမေးပွဲကြီးဖြေဆိုရန်နီးကပ်လာသဖြင့် ကျောင်းစာများကို ကြိုးစားကြရန်၊ မိမိတို့ကျောင်းအောင်ချက် မြင့်မားလာစေရန်၊ မိမိကျန်းမာရေးကို ဂရုစိုက်ကြရန်၊ နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် လက်များ မကြာခဏ ဆေးကြောသန့်စင်ကြရန် မှာကြားကာ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။

ဟင်နရီမီးကိုဆာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Agent ဖြစ်သူ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ နိဂုံးချုပ်မိန့်ခွန်း

## (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့၊ သည်ဟိဂ်မြို့)



ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊

၁။ မြန်မာနိုင်ငံကိုယ်စားပြု ရှေ့နေကြီးများအနေနဲ့ တရားရုံးရဲ့ရှေ့မှောက်မှာ ၎င်းတို့ရဲ့ လျှောက်လဲချက်အသီးသီးကို တာဝန်ကျေပွန်စွာနဲ့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိ အမှုတွဲရောက်ရှိနေတဲ့အဆင့်ကတော့ တရားရုံးမှ တရားစီရင်ပိုင်ခွင့်နှင့် ဂမ်ဘီယာနိုင်ငံမှ တရားစွဲဆိုပိုင်ခွင့် ရှိ/မရှိနှင့် သက်ဆိုင်တဲ့ ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များသာဖြစ်ပြီးတော့ အဆိုပါကိစ္စများအပေါ်တွင်သာ မိမိတို့အနေနဲ့ အလေးထားလျှောက်လဲခဲ့ခြင်းဖြစ်ပါတယ်။ မိမိတို့အနေဖြင့် ပင်မအမှု(merits)နှင့် ဆိုင်တဲ့ အကြောင်းခြင်းရာများကို ရှောင်ရှား၍ လျှောက်လဲခဲ့တာဖြစ်ပါတယ်။

၂။ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့က ဂမ်ဘီယာဘက်က ရှေ့နေကြီးများကတော့ဖြင့် ကနဦးကန့်ကွက်လွှာကြားနာပွဲနဲ့ သက်ဆိုင်ဆီလျော်မှုမရှိတဲ့ အချက်အလက်ပိုင်းဆိုင်ရာနဲ့ နိုင်ငံရေးဆိုင်ရာ စွပ်စွဲပြောဆိုမှုတွေပြုလုပ်လျှောက်လဲခဲ့တာကို တွေ့ရပါတယ်။ ထိုသို့သော လျှောက်လဲချက်များဟာ တရားရုံးတော်ဥပဒေအရ ယခုတရားရင်ဆိုင်မှုအဆင့်မှာ လျော်ကန်သင့်မြတ်နေခြင်း မရှိပါဘူး။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါစွပ်စွဲချက်များအပေါ် တုံ့ပြန်သွားရမည့် ကာလံဒေသံမဟုတ်တာကြောင့် တုံ့ပြန်ပြောဆိုသွားမှာ မဟုတ်ပါဘူး။ မိမိတို့အနေနဲ့ တရားရုံးတော်သို့ ဦးတည်ရည်ရွယ်၍ တင်ပြခြင်းမဟုတ်ဘဲ ယခု The Great Hall ခန်းမကြီးရဲ့ အပြင်ဘက်ဆီက ပရိသတ်များကို ရည်ရွယ်သည့် ရှင်းလင်းပြောကြားချက်များအား လျှောက်လဲ၍ တရားရုံးရုံးတော်ရဲ့ တန်ဖိုးရှိလှသောအချိန်ကို အဆုံးရှုံးခံစေမှာ မဟုတ်ပါဘူး။ မိမိနားလည်ထားတာကတော့ ထိုစွပ်စွဲချက်များကတော့ဖြင့် တရားရုံးအနေနဲ့ ပင်မအမှု (merits) ကို ဆက်လက်တရားစီရင်ပိုင်ခွင့်ရှိ မရှိကို မဆုံးဖြတ်ရသေးမီ မြန်မာနိုင်ငံအား လူမျိုးတုံးစေမှုကို ကျူးလွန်သူများအဖြစ် ဂုဏ်သရေရှိ တရားသူကြီးများနှင့် အများပြည်သူတို့ ယူဆလာအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဂမ်ဘီယာဘက်က ရှေ့နေကြီးများဟာ တရားရုံးအနေဖြင့် ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့် (Provisional Measures Order)ချမှတ်ခဲ့စဉ်က မြန်မာနိုင်ငံရဲ့ ကနဦးကန့်ကွက်ချက်တွေကို ငြင်းဆိုပြီးဖြစ်လို့ ခုမြန်မာအစိုးရကတင်သွင်းတဲ့ ကနဦးကန့်ကွက်ချက်များကို အလေးအနက်ထား စဉ်းစားနေရန် မလိုကြောင်း လျှောက်လဲခဲ့ပါတယ်။

၃။ ပထမဦးစွာ မိမိအနေနဲ့ လျှောက်လဲချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့ တရားရုံးဆုံးဖြတ်ချက် အပိုဒ် (၈၅)အရ မိမိတို့ရပိုင်ခွင့်အားအသုံးချ၍ ကနဦးကန့်ကွက်လွှာ တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ကနဦးကန့်ကွက်လွှာအဆင့်တွင် ပင်မအမှု(merits)နှင့်ပတ်သက်၍ ကြိုတင်ဆုံးဖြတ်ခြင်းမျိုး မပြုသင့်ပေ။ ပင်မအမှု(merits)ရဲ့ မည်သည့်အဆင့်တွင်မဆို ဂမ်ဘီယာနိုင်ငံဟာ လျှောက်ထားသူအနေဖြင့် ၎င်းတို့၏ လျှောက်လဲချက်များကို သက်သေပြရမယ့် ဝတ္တရားရှိပါတယ်။ သို့သော် ယခုအချိန်ဟာဆိုရင်ဖြင့် ယင်းဝတ္တရားကို ဆောင်ရွက်ရမယ့်အချိန်၊ ဆောင်ရွက်နိုင်သည့် အခြေအနေမဟုတ်သေးပါဘူး။ အဘယ်ကြောင့်ဆိုသော် ယနေ့အချိန်အထိ ဂမ်ဘီယာ၏စွပ်စွဲချက်များကို တရားရုံးတော်ရှေ့မှောက်တွင် လက်ခံကြားနာနိုင်ခွင့် (သို့မဟုတ်) ၎င်းတို့၏စွပ်စွဲပြောဆိုချက်များကို သက်သေပြနိုင်ခွင့် မရှိသေးပါဘူး။ ထိုသို့သော အခြေအနေမျိုးမှာ ဂမ်ဘီယာအနေနဲ့ ယခုကဲ့သို့ လုပ်ဆောင်ရန်မသင့်ပါဘူး။

၄။ သို့သော်လည်း ဂမ်ဘီယာဟာ ပင်မအမှု(merits)နဲ့ပတ်သက်တဲ့ စွပ်စွဲချက်တွေကို လျှောက်လဲ၍ ယခုကြားနာပွဲအား ကြားခံ(Platform)တစ်ခုအနေဖြင့် အသုံးချနေမှုအပေါ် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်(Agent)အနေဖြင့် လုံးဝတုံ့ပြန်ခြင်းမပြုဘဲ တရားရုံးတော်၌ နှုတ်ဆိတ်နေနိုင်မှာ မဟုတ်ပါဘူး။ မိမိရဲ့ နိဂုံးချုပ်မိန့်ခွန်းတွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေမှန်များနဲ့ ဂျီနိုဆိုက်ကွန်ဗင်းရှင်းကို လိုက်နာရေး ကြိုးပမ်းနေတဲ့ မြန်မာနိုင်ငံ၏ ကတိကဝတ်ပြုဆောင်ရွက်နေမှုများကို အနည်းငယ်ရှင်းလင်းပြောကြားလိုပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဂျီနိုဆိုက်ကွန်ဗင်းရှင်းကို လေးစားလိုက်နာလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဥပမာအနေနဲ့ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံဟာ လူမျိုးတုံး ပြစ်မှုကျူးလွန်မှုများနှင့် ကျူးလွန်သူများကို အပြစ်ပေးနိုင်ရေး၊ တရားစီရင်နိုင်ရေးတို့အတွက် ပုဒ်မများ ဖြည့်စွက်ကာ ရာဇသတ်ကြီးနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအား ပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ တာဝန်ယူမှုရှိတဲ့ နိုင်ငံတစ်ခုအနေဖြင့် တရားရုံးရဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့် (Provisional Measures Order) ကိုလည်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

၅။ မြေပြင်အခြေအနေများကို တိုးတက်ကောင်းမွန်စေရန် အစဉ်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်ဟာဆိုရင်ဖြင့် အထိုက်အလျောက် တည်ငြိမ်လျက်ရှိပြီး အကြမ်းဖက်မှုဖြစ်စဉ်များ ကြီးကြီးမားမားမရှိဘဲ ငြိမ်းချမ်းလျက်ရှိပါတယ်။

၆။ မြန်မာနိုင်ငံရဲ့ နောက်ဆုံးတင်ပြချက် ဖတ်ကြားမှုကို နိဂုံးမချုပ်မီ ကျွန်တော့်အနေနဲ့ တင်ပြခဲ့ပြီးတဲ့ ချေပလျှောက်လဲချက်များအပေါ် တရားရုံးအနေနဲ့ ဂရုတစိုက် စိတ်ရှည်စွာ အာရုံစိုက်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ယခုကြားနာပွဲကို ချောချောမောမောနဲ့ ထိရောက်စွာ ကျင်းပနိုင်ခဲ့တဲ့ မော်ကွန်းထိန်း (Registrar) နဲ့ ၎င်း၏ဝန်ထမ်းများအပါအဝင် ဘာသာပြန်ဆိုသူများကိုလည်း ကျေးဇူးတင်ရှိပါတယ်။

၇။ တရားရုံး စည်းမျဉ်းများရဲ့ စာပိုဒ် ၂၊ ပုဒ်မ ၆၀ နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ နောက်ဆုံးတင်ပြချက်ကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်–

> **"မြန်မာနိုင်ငံ၏စာဖြင့်ပေးပို့ခဲ့သည့် ကနဦးကန့်ကွက်ချက်များနှင့် ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲတွင် တင်ပြခဲ့သည့် နှုတ်ဖြင့်လျှောက်လဲချက်များတွင်ပါရှိသော အကြောင်းခြင်းရာများနှင့် တရားရုံးက သင့်လျော်သည်ဟုဆုံးဖြတ်သော အခြားသောအကြောင်းခြင်းရာများကြောင့် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးအား**
>
> **(၁) ဂမ်ဘီယာနိုင်ငံက တင်သွင်းခဲ့သည့်အမှုအပေါ် တရားရုံးကစီရင်ပိုင်ခွင့်မရှိကြောင်း နှင့်/သို့မဟုတ်၊**
>
> **(၂) ဂမ်ဘီယာနိုင်ငံသည် တရားစွဲဆိုပိုင်ခွင့်မရှိကြောင်း ကြေညာပေးပါရန်"**

**ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ဂုဏ်သရေရှိ တရားသူကြီးမင်းများခင်ဗျား၊**

၈။ ကနဦးကန့်ကွက်လွှာဆိုင်ရာ ယခုကြားနာပွဲတွင် မြန်မာနိုင်ငံ၏ချေပမှုများကို ဤမျှဖြင့် နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၂)ကို ဖေဖော်ဝါရီ ၂၅ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ Online Zoom Meeting System ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိမိတို့တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိမှုသည် ၃ ရာခိုင်နှုန်း အောက်ရှိနေသေးသော်လည်း ယခုရောဂါပိုးတွေ့ရှိသူအများစုသည် မည်သည့်ရောဂါလက္ခဏာများမပြဘဲ တွေ့ရှိနေရသဖြင့် တစ်ဦးတစ်ယောက်ချင်းစီတိုင်း ကျန်းမာရေးအသိဖြင့် နေထိုင်သွားလာရမည်ဖြစ်ကြောင်း၊ ရုံးဝန်ထမ်းများအနေဖြင့်လည်း ဌာနအတွင်း ရောဂါပိုးကူးစက်မှုမခံရစေရေး စုဝေးနေထိုင်စားသောက်ခြင်းများ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ စာမေးပွဲဖြေဆိုတော့မည်ဖြစ်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ စည်းကမ်းချက်နှင့်အညီ အထူးဂရုပြုပညာသင်ကြားနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများက ကိုဗစ်–၁၉ ရောဂါတွေ့ရှိမှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။ **တင်စိုး(ပဲခူး)**



# ဒုတိယဝန်ကြီး ဦးမင်းမင်းဦး ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် ဖြစ်မြောက်ရေးအတွက် အဆိုပြု Geosites များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် ဖြစ်မြောက်ရေးအတွက် အဆိုပြု Geosites များကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် တာဝန်ရှိသူများအား နိုင်ငံတကာအသိအမှတ်ပြု ထိန်းသိမ်းကာကွယ်ရေးနယ်မြေ ယူနက်စကို ကမ္ဘာ့ဘူမိဥယျာဉ်(UNESCO Global Geopark) တည်ထောင်နိုင်ရေးအတွက် အရေးကြီးသည့် အမျိုးသားအဆင့် ဘူမိဥယျာဉ် (National Geopark) တည်ထောင်သတ်မှတ်ရန် ဦးစွာလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Local Geopark & National Geopark များ မရှိသေးဘဲ ပထမဦးဆုံး အမျိုးသားအဆင့် National Geopark အဖြစ် Mount Popa National Geopark ကို မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ တင်ပြဆွေးနွေးပြီး ပုပ္ပားတောင် သစ်တောဧရိယာအတွင်း အဆိုပြုနေရာ Geosites ၁၆ နေရာကို ပဏာမရွေးချယ်တင်ပြသည့်နေရာများအနက် သတ်မှတ်ချက်ကိုက်ညီသည့်နေရာများကို ယခုကဲ့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးအတည်ပြုခြင်းဖြစ်ပါကြောင်း၊ ပုပ္ပားတောင်ဒေသသည် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုနှင့် ဘူမိဗေဒအရ အလွန်အရေးပါသည့် ဒေသတစ်ခုဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုပ္ပားတောင်သစ်တောဧရိယာ(Sandagu Forest) စန္ဒကူးတောနှင့် သမင်ခြံ၊ (Medical Plant)ပရဆေးဥယျာဉ်နှင့် ပြတိုက်၊ Lahar (Volcanic Mud Flow) ပုပ္ပားမီးတောင်ရှို့ချော်ရည်၊ (Augite Andesite Stone Forest) ကျောက်တုံးကြီးများဖြင့် ဖွဲ့စည်းထားသော သစ်တော၊ (Fossil Museum) ကျောက်ဖြစ်ရုပ်ကြွင်း ပြတိုက်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့လယ် Downtown ဧရိယာ သန့်ရှင်းသာယာသပ်ရပ်ရေး ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့လယ် Downtown ဧရိယာအတွင်း ပါဝင်သည့် မြို့နယ်များ သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် နံနက် ၇ နာရီတွင် လမ်းမတော်မြို့နယ် (၈)ရပ်ကွက် ပြည်လမ်း ဆေးတက္ကသိုလ်(၁)ဝန်ထမ်းအိမ်ရာ အုတ်ခြံစည်းရိုးဆေးသုတ်နေမှုနှင့် လသာမြို့နယ် (၁၀)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့ Good Sherpherd Convent Church ခရစ်ယာန်ဘုရားရှိခိုးကျောင်း အုတ်ခြံစည်းရိုး ဆေးသုတ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် (၄)ရပ်ကွက် ကျုံးကြီးလမ်း၊ လမ်း(၂၀)နှင့် (၁၉) လမ်းအကြား မြရတနာဆေးခန်း အဆောက်အအုံနှင့် (၇)ရပ်ကွက် ကမ်းနားလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့် တရုတ်ကုန်သည်ကြီးများအသင်း အဆောက်အအုံ ဆေးသုတ်နေမှုကိုလည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် မဂိုခန်းမအဆောက်အအုံ ဆေးသုတ်နေမှု၊ စကြိုကတ်တုံးများ ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပန်းဘဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ်အကြား မဟာဗန္ဓုလလမ်းနှင့် (၃၂) လမ်းထောင့် ရသာဥယျာဉ်ပန်းခြံ ခြံစည်းရိုးများ ဆေးသုတ်နေမှုကိုလည်းကောင်း၊ ကျောက်တံတားမြို့နယ် မော်လမြိုင်ကျောင်းတိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း အုတ်တံတိုင်းဆေးသုတ်နေမှုကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ခရစ်ယာန်ကလျာဏယုဝအသင်း YMCA အဆောက်အအုံ ဆေးသုတ်နေမှုကို လည်းကောင်း၊ မဟာဗန္ဓုလလမ်းအတိုင်း



သိမ်ဖြူလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းအကြား လူသွားစင်္ကြံ၊ ရေမြောင်းများကိုလည်းကောင်း၊ ဗိုလ်မြတ်ထွန်းလမ်းတစ်လျှောက် ရေမြောင်းအတွင်း အမှိုက်၊ မြောင်းချေးနှင့် သဲမြေများ လူအင်အား၊ စက်အင်အားဖြင့် ဆယ်ယူရှင်းလင်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ရှေ့ဖုံးမှ*

အသုံးပြုပြီး (Distance Pay)ခရီးအကွာအဝေးအလိုက် ကောက်ခံတဲ့စနစ်ကို စီစဉ်ဆောင်ရွက်နေပါတယ်။ယာဉ်စီးခ တိုးမြှင့်ကောက်ခံဖို့ ဒီ YPS ကတ်စနစ်ကို ဆောင်ရွက်တာ မဟုတ်ပါဘူး။ အရင်ကတည်းက ငါးရာ၊ တစ်ထောင်ကောက်တဲ့ယာဉ်တွေကို အရေးယူဆောင်ရွက်တာတွေ ရှိပါတယ်။ CNG သုံးလပိတ်တာတို့၊ ခြောက်လပိတ်တာတို့၊ တစ်နှစ်ပိတ်တာတို့၊ လုပ်ငန်းလိုင်စင်တစ်နှစ် ပိတ်တာတို့ အရေးယူဆောင်ရွက်တာတွေ ရှိပါတယ်။ အရင်ကတည်းက ခရီးအကွာအဝေးအလိုက် (Distance Pay)အနေနဲ့ YBS ခရီးသည်တင်ယာဉ်လိုင်းတွေမှာ ယာဉ်စီးခ လေးရာကျပ်အထိ ကောက်ခံထားမှုတွေ ရှိပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ (YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) အနေဖြင့် YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် ယာဉ်စီးခတိုးမြှင့်ကောက်ခံမှုအား ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစ၍ အရေးယူဆောင်ရွက်မှုများရှိခဲ့ရာ ယနေ့အထိ YBS ခရီးသည်တင်ယာဉ် အစီးရေ ၅၂၄ စီးကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ခရီးသွားပြည်သူများအနေဖြင့် ခရီးအကွာအဝေးအလိုက် ယာဉ်စီးခ ပေးချေနိုင်ရေး အတွက်လည်း သက်ဆိုင်ရာ ယာဉ်များတွင် အသိပေး ကြေညာထားမှုများရှိကြောင်း၊ ယခုအခါ YBS ခရီးသည်တင် ယာဉ်လိုင်းများတွင် ငွေပေးချေကတ် Yangon Pay–ment Service (YPS)စနစ်ကို အသုံးပြုပြီး ခရီးအကွာအဝေးအလိုက် ငွေကောက်ခံသည့်စနစ်ကို တွင်ကျယ်စွာ ပြန်လည်အသုံးပြုနိုင်ရန် သက်ဆိုင်ရာ ယာဉ်လိုင်းကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ငွေပေးချေကတ် Yangon Payment Service (YPS)စနစ်ကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)နှင့် Asia Starmar Transport Intelligent Company Limited တို့ ပူးပေါင်းပြီး မြို့တွင်းခရီးစဉ် ပြေးဆွဲပေးနေသည့် YBS ခရီးသည်တင်ယာဉ်လိုင်း ကုမ္ပဏီငါးခုဖြစ်သည့် Yangon Urban Public Transportation Public Company Limited(YUPT) ၊ Yangon Bus Public Company Limited(YBPC)၊ Golden Yangon City Transportation Public Company Limited (GYCT)၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်၊ လူထုမိတ်ဆွေ အများပိုင် ကုမ္ပဏီလီမိတက် စသည့် ကုမ္ပဏီငါးခုတွင်ရှိသည့် YBS ခရီးသည်တင် ယာဉ်အစီးရေ ၁၉၄ စီးမှာ ဒုတိယအကျော့အနေဖြင့် ပြန်လည်စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ငွေပေးချေကတ် Yangon Payment Service (YPS) ကတ်စနစ် အသုံးပြုပြီး ရန်ကုန်မြို့တွင်း ခရီးသွားလာမှုမှာ အရင်ကထက် ပိုမိုများပြားလာခဲ့ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။

“အရင်တုန်းက YBS ဘတ်စ်ကားတွေမှာ ဘယ်စီးစီး တစ်ရာကျပ်၊ နှစ်ရာကျပ်၊ သုံးရာကျပ်ဆိုပြီး ကားတွေရှိတယ်။ ဥပမာပြောရရင် နှစ်ရာကားက အရင်တုန်းကဆို တစ်မှတ်တိုင်စီးလည်း နှစ်ရာကျပ်ပဲ။ ခရီးစဉ်အစအဆုံးစီးလည်း နှစ်ရာကျပ်ပဲ။ ဒီအတွက် တစ်မှတ်တိုင်၊ နှစ်မှတ်တိုင်စီးတဲ့ ခရီးသည်အတွက် မတန်ဘူး။ အခု ခရီးအကွာအဝေးအလိုက် ကောက်ခံတဲ့စနစ်ကျတော့ ခရီးတိုသွားတဲ့ ခရီးသည်တွေအတွက် တန်ပေမဲ့ ခရီးစဉ်အစအဆုံးစီးတဲ့လူအတွက် ယာဉ်စီးခက နှစ်ဆတက်သလို ဖြစ်သွားတော့ အခက်အခဲရှိပါတယ်။ ကတ်စနစ်လုပ်မယ်ဆိုလည်း ဒီကတ်က ကားလာမှ စီးလို့ရတာဆိုတော့ ယာဉ်တွေကို လုံလုံလောက်လောက် ပြေးဆွဲပေးစေချင်ပါတယ်”ဟု မှော်ဘီမြို့နယ်မှ အလုံမြို့နယ်သို့ နေ့စဉ် အလုပ်ဆင်းနေရသူတစ်ဦးက ပြောသည်။

Yangon Payment Service (YPS)ကတ်များကို (YPS)အမှတ်တံဆိပ်ရှိသော G & G စတိုးဆိုင်များနှင့် Yangon Payment Service (YPS)ကတ် အရောင်းစင်တာများတွင် ခရီးသွားပြည်သူများ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ပြီး ကတ်ဈေးနှုန်းမှာလည်း တစ်ကတ်လျှင် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားကာ အနည်းဆုံးငွေကျပ် ၁၀၀၀ မှ အများဆုံး ငွေကျပ် ၃၀၀၀ အထိ ထည့်သွင်းနိုင်ပြီး အထူးအစီအစဉ်အနေဖြင့် ကတ်အသုံးပြုသူများ လွယ်ကူသက်သာ စိတ်ချမ်းသာစွာ အသုံးပြုနိုင်ရန်အတွက် ကနဦးငွေကျပ် ၃၀၀၀ စတင် ဖြည့်သွင်းသည်နှင့် တစ်ပြိုင်နက် ကတ်ကို အခမဲ့ ထုတ်ပေးသွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းအောင်(တာမွေ)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**သဘောထားထုတ်ပြန်ချက်**
**၁၃၈၃ ခု၊ တပို့တွဲလပြည့်ကျော်(၁၁)ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆)ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဂမ်ဘီယာနိုင်ငံမှ OIC အဖွဲ့ကိုယ်စားပြု၍ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ တွင် တရားစွဲဆိုထားပါသည်။

၂။ အဆိုပါတရားစွဲဆိုမှုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့က သွားရောက်ဖြေရှင်းခြင်းနှင့် ရှင်းလင်းတင်ပြချက်များကို ကြိုဆိုပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လူနည်းစုတိုင်းရင်းသားများဖြစ်ကြသည့် မြို၊ သက်၊ ခမီ စသည့်တိုင်းရင်းသားလူမျိုးစုများအား လူမျိုးတုံးသတ်ဖြတ်မှု၊ ဟိန္ဒူဘာသာကိုးကွယ်သူများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်ဘာသာရေးအစွန်းရောက်တို့ကို လျစ်လျူရှု၍ ဘာသာရေးအကြမ်းဖက်အစွန်းရောက်တို့ဘက်မှ ရပ်တည်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို မတရားစွပ်စွဲသော ဂမ်ဘီယာနိုင်ငံအား ပြင်းထန်စွာရှုတ်ချပါသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် ကာကွယ်ကြိုးပမ်းလျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကိုယ်စားလှယ်အဖွဲ့အား ဖြစ်ရပ်မှန် အချက်အလက် အထောက်အထားများကို ပြုစုပေးကြသည့် ပညာရှင်၊ စေတနာရှင်များကိုလည်း မိမိတို့အဖွဲ့မှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၅။ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ အားပေးထောက်ခံလျက် တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

# မိမိရပ်ရွာဒေသတွင် ယခုထက်မကသော တည်ငြိမ်အေးချမ်းမှုများရရှိအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

**ဘားအံ ဖေဖော်ဝါရီ ၂၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံမြို့နယ်အတွင်းရှိ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲဖြစ်ပေါ်လာမှုနှင့်အတူ ပေါ်ပေါက်လာသော တရားမဝင်အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG ၊ PDF များ၏ အကြမ်းဖက်လုပ်ရပ်များ၊ ၎င်းတို့နှင့်ဆက်နွှယ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုများကို ရှင်းလင်းပြောကြားပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုမရှိပါက မည်သည့်လုပ်ငန်းဆောင်တာကိုမျှ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်း၍ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတာဝန်များကို တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ယခုအခမ်းအနားသို့ တက်ရောက်လာသူအားလုံးကို လေးစားဂုဏ်ယူပါကြောင်း၊ ဌာနပြည်သူ့စစ်များ၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အား ကာကွယ်စောင့်ရှောက်မှုကို အဟန့်အတားဖြစ်နေသည့် PDF အကြမ်းဖက်အဖွဲ့များအား အမြစ်ပြတ်ချေမှုန်းရန်လိုကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်း အိုမီခရွန်ရောဂါပိုးသစ်တစ်မျိုး ကူးစက်ဖြစ်ပွားနေပြီး ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိရပ်ရွာဒေသတွင် ယခုထက်မကသော တည်ငြိမ်အေးချမ်းမှုများရရှိအောင် တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် အခက်အခဲရှိပါက တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ကြုံတွေ့ရသည့် အခက်အခဲနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အမှတ်(၂၂) ခြေလျင်တပ်မဌာနချုပ် ဒုတိယတပ်မမှူးတို့က ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားများ ပြောကြားပြီး ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများ လွယ်ကူအဆင်ပြေစွာဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်

**မကွေး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က Zoom Meeting ဖြင့် တက်ရောက်ပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အစည်းအဝေးကို တက်ရောက်ကြသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ကဏ္ဍစုံတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုများရရှိနိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးတွင် လုပ်ငန်းအသစ်များ ဆောင်ရွက်လာစေရန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် Investment After Care Services တို့ကို ထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Investment After Care Services ကောင်းသည်နှင့်အမျှ လုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲလျော့နည်း၍ ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း၊ အဆင်ပြေချောမွေ့သည်နှင့်အမျှ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များ ဆောင်ရွက်လာကြမည်ဖြစ်ပြီး ၎င်းတို့နှင့်ဆက်စပ်သည့် Partner အပေါင်းအဖော် လုပ်ငန်းရှင်များကိုလည်း ကောင်းသတင်းပေးကြမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်နှင့် စက်မှုကဏ္ဍတို့ ဖွံ့ဖြိုးရေးတွင် အလားအလာကောင်းများရှိနေကြောင်း၊ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ တိုင်းဒေသကြီးအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများ လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများအချင်းချင်း ချိတ်ဆက်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများပေးခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို စိတ်စေတနာအပြည့်ဖြင့် ဆောင်ရွက်သွားကြရန် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခြင်းအနေဖြင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းများအပေါ် အတည်ပြုခြင်းတို့ ဆောင်ရွက်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ မကွေးမြို့နယ်စုပေါင်းရုံး (ဒုတိယထပ်) ပြည်တော်သာ ၁ လမ်း၊ ပြည်တော်သာရပ်ကွက် မကွေးမြို့ ဖုန်း- ၀၆၃-၂၀၂၈၇၄၈ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မောင်ညီညာ**

# ကယားပြည်နယ်အစိုးရအဖွဲ့မှ နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး အခြေခံစားကုန်များ ထောက်ပံ့လှူဒါန်း

**လွိုင်ကော် ဖေဖော်ဝါရီ ၂၆**

ကယားပြည်နယ် အစိုးရအဖွဲ့မှ နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အခြေခံစားကုန်များ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ ခေတ္တ



နေရပ်စွန့်ခွာပြည်သူများအား ကြိုဆိုလက်ခံရေးစခန်းတွင် ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဦးဆောင်၍ ပြည်နယ်ဝန်ကြီးများ၊ လွိုင်ကော်တပ်နယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခေတ္တနေရပ်စွန့်ခွာပြီး ပြည်နယ်အတွင်း ပြန်လည်ဝင်ရောက်လာသော ပြည်သူများအား အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က နေရပ်ပြန်ပြည်သူတို့၏ လိုအပ်ချက်များကို မေးမြန်း၍ ပြည်နယ်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရက ကဏ္ဍအသီးသီးတွင် ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြောကြားသည်။

နယ်မြေအခြေအနေ တည်ငြိမ်လာမှုကြောင့် ပြန်လည်ဝင်ရောက်လာသော ပြည်သူများအား ကြိုဆိုလက်ခံရေးစခန်းတွင် လက်ခံရာ၌ စနစ်တကျ စိစစ်မှတ်တမ်းရေးသွင်းလက်ခံခြင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို ပြုလုပ်ပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများကို ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခြင်း၊ လွိုင်ကော်မြို့အတွင်းရှိ ရပ်ကွက်အသီးသီးတွင် ပြန်လည်နေထိုင်မည့် မိသားစုများအား အခြေခံစားကုန်များထောက်ပံ့ပေးခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် လှူဒါန်းပေးမှုတို့ဖြင့် သက်ဆိုင်ရာ ဌာနအသီးသီးက လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူများအား လွယ်အိတ်၊ ကျောင်းသုံးစာရေးကိရိယာနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

Alibaba Philanthropy Group ၏ ထောက်ပံ့ကူညီမှုဖြင့် Bank of China (Hong Kong) Limited Yangon Branch ၏ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံးခွဲ တို့ ပူးပေါင်းစီစဉ်၍ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရှိ စိတ္တသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိသော မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄၂ ဦးအတွက် Panda Pack အမည်ရ (လွယ်အိတ်၊ ကျောင်းသုံးစာရေးကိရိယာနှင့် တစ်ကိုယ်ရေသုံး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ) ကို ယနေ့ နံနက် ၉ နာရီက ထောက်ပံ့လှူဒါန်းပေးသည်။

ထို့အပြင် အခြားလိုအပ်ချက်ရှိသော ကျောင်းသားကျောင်းသူများအတွက် Panda Pack အမည်ရ (လွယ်အိတ်၊ ကျောင်းသုံးစာရေးကိရိယာနှင့် တစ်ကိုယ်ရေသုံး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ) ပါဝင်သော အစုံရေ ၄၀၀၈၀ ကိုလည်း Alibaba Philanthropy Group ၏ ထောက်ပံ့ကူညီမှုဖြင့် တရုတ်နိုင်ငံမှ ထပ်မံတင်သွင်း၍ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်းတွင် ထပ်မံလှူဒါန်းသွားမည်ဖြစ်ပြီး ထပ်မံတင်သွင်းလှူဒါန်းမည့် ပစ္စည်းများ မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ကလောမြို့နယ်များအတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက် ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံးခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံးခွဲ (CFPA) အနေဖြင့် Panda Pack Project ကို Alibaba Philanthropy Group ၏ ထောက်ပံ့ကူညီမှုဖြင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့်အတူပူးပေါင်းကာ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာသင်ကျောင်းများမှ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀၀၀၀၀ ကျော်ခန့်အထိ လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သုတ**

# မူဆယ်မြို့အတွင်းရှိ ဒေသခံပြည်သူများအား နိုင်ငံသားတိုင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရန် ဆွေးနွေးပွဲ ကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို နိုင်ငံသားကတ်မှတ်ပုံတင်ရှိခြင်းဖြင့် မိမိတို့၏ လူမှုရေး၊ အလုပ်အကိုင်ရရှိရေး၊ သွားလာရေး၊ ပညာရေးစသည့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းနှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community center ခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ရေး တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့နှင့် ကြိုတင်ဆွေးနွေးခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံအတွင်းနေထိုင်သူအားလုံး နိုင်ငံသားအဖြစ် မှတ်ပုံတင်ရေးနှင့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားခွင့်ပြုစိစစ်ရေးနှင့် ကတ်ပြားများ လျှောက်ထားကိုင်ဆောင်ရသည့်တာဝန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပြီး ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးကိုင်ဆောင်ခြင်းကြောင့်ရရှိနိုင်သည့် နိုင်ငံသားအခွင့်အရေးများအား ဆွေးနွေးဟောပြောသည်။ ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်တာက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးမည်များကို အသေးစိတ်ဆွေးနွေးသည်။

ထို့ပြင် တက်ရောက်လာသည့် ခိုလုံလီရှောတိုင်းရင်းသားအဖွဲ့များက သိရှိလိုသည်များ မေးမြန်းကြရာ ခရိုင်ဦးစီးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းဖြေကြားပြီး ကွင်းဆင်းဆောင်ရွက်ပေးမည့်ရက်စွဲ၊ ကြိုတင်ဖြည့်စွက်ရမည့် ဘိုးဘွားအဆက်ဆက်အမည်စာရင်းများကို ရှင်းလင်းဆွေးနွေးပြောကြားကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# မြစ်သားမြို့နယ် နတ်မှော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်မှော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်က အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နတ်မှော်ကျေးရွာ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၀ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များနှင့် စီမံကိန်းအသင်းသား အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ရှမ်းပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် အစိုးရအဖွဲ့ဩခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒေါက်တာကျော်ထွန်း၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်နယ်အတွင်း ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူမှုရေးပင်စင်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT) အပါအဝင် လူမှုဝန်ထမ်းလုပ်ငန်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၁-၂၀၂၂ ခု ခြောက်လဘတ်ဂျက်တွင် ရှမ်းပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT) အတွက် ထောက်ပံ့ကြေး ငွေကျပ် ၄၄၈၇၄ ဒသမ ၆ သိန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေကျပ် ၂၈၄၅ ဒသမ ၁၈၅ သိန်းကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဘတ်ဂျက်မှ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေမှ ငွေကျပ် ၁၅၇၈ ဒသမ ၈၉၂ သိန်း စုစုပေါင်းထောက်ပံ့ကြေး ငွေကျပ် ၄၉၂၉၈ ဒသမ ၆၆၇ သိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ အကျိုးခံစားခွင့်ရှိသူများကိုယ်စားပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာရိပ်သာသို့ ရောက်ရှိကြပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဘတ်ဂျက်မှ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၁၅၉ ဒသမ ၃၀၆ သိန်းနှင့် ရိပ်သာအတွက် လှူဒါန်းငွေများကို ထောက်ပံ့ပေးအပ်ရာ အကျိုးခံစားခွင့်ရှိသူများကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံခဲ့ ကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဘတ်ဂျက်မှ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၈၈ ဒသမ ၉၁၈ သိန်းကို ထောက်ပံ့ပေးအပ်ရာ အကျိုးခံစားခွင့်ရှိသူများ ကိုယ်စား ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက လက်ခံကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ မူလတန်းကြိုကျောင်းသို့ ရောက်ရှိပြီး ကလေးငယ်များ Social Distancing ပုံစံဖြင့် တက်ရောက်သင်ယူနေမှု၊ ကလေးငယ်များ တည်ဆောက်ကစားခြင်း၊ အတုယူကစားခြင်းပုံစံများဖြင့် သင်ယူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းအတွင်း ကလေးငယ်များ အစားအသောက် ကျွေးမွေးနိုင်ရေး ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်ကြီးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးနှင့် အေးသာယာမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတို့ကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်အား ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူး များ၊ ခရိုင်တရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ၏ (၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မှာကြားချက်များအား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်သင်းသင်းနွဲ့က ထပ်ဆင့်ရှင်းလင်းမှာကြားသည့် အခမ်းအနားသို့ ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ Virtual Online စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ် တရားသူကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း(Mask) နှစ်တန်ကို တင်သွင်းခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ၂၆ ရက်အတွင်း အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ အောက်ဆီဂျင် Plant လေးခုနှင့် ကုန်သွယ်ရေးစခန်းများမှ ကုမ္ပဏီ ၃၄ ခု၊ ယာဉ်စီးရေ ၈၃ စီးဖြင့် နှာခေါင်းစည်း (Mask) ၅၄၉ တန် တင်သွင်းခဲ့ပြီး အောက်ဆီဂျင် Plant လေးခုမှာ ရန်ကုန်မြို့သို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ဦးစားပေးတင်သွင်းခွင့်ပြုပေး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်း သင်ခန်းစာများ (၅)
# မကျေညက်တဲ့အတိတ်သမိုင်းနှင့်အတူ ယူကရိန်းကပေးတဲ့ သင်ခန်းစာ

## မြင့်မြတ်

**အတိတ်ကပေးတဲ့သင်ခန်းစာဆိုတာ အတိတ်မှာပဲ ထားခဲ့လို့မရပါဘူး။ သင်ခန်းစာကို အခွင့်အလမ်းအဖြစ် မှတ်ယူပြီး ပစ္စုပ္ပန်အတွက် အကျိုးရှိအောင် အသုံးချနိုင်ဖို့ လိုပါမယ်။**



ဖေဖော်ဝါရီ ၂၅ ရက်က ရုရှားတို့၏ တိုက်ခိုက်မှုကြောင့် ကိယက်ဗ်မြို့၌ အဆောက်အအုံတစ်လုံး ပျက်စီးနေသည်ကို တွေ့ရစဉ်။

ဒီတစ်ကြိမ်မှာလည်း ရုရှား-ယူကရိန်း စစ်ပွဲက သင်ခန်းစာပေးသွားပြန်ပါပြီ။ လက်ရှိ ကမ္ဘာ့အခင်းအကျင်းကို သင်ခန်းစာ မယူတတ်တဲ့ ယူကရိန်းနိုင်ငံဟာ ဗုံးသံ သေနတ်သံတွေအောက်မှာ အပျက်အစီးများစွာနဲ့ အများကြီး ပေးဆပ်နေရတယ်။ ယူကရိန်းအနေနဲ့ အနီးဆုံး အာဖဂန်နစ္စတန်စစ်ပွဲကို သင်ခန်းစာယူရပါမယ်။ အဝေးဆီက ဗီယက်နမ်စစ်ပွဲမှလည်း သင်ခန်းစာထုတ်တတ်ရပါမယ်။ အမေရိကန်ရဲ့ ကျူးကျော်စစ်ပွဲတွေကြောင့် အီရတ်၊ လစ်ဗျား၊ ဆီးရီးယား ပြည်တွင်းစစ်များရဲ့ ခေးစာခံဖြစ်ခဲ့ရတဲ့ ပြည်သူ ပြည်သားတွေရဲ့ ဆိုးရွားလှတဲ့ ဆင်းရဲဒုက္ခတွေ၊ အဖတ်ဆယ်မရတော့တဲ့ ပျက်စီးသွားတဲ့ အခြေခံအဆောက်အအုံတွေ ဘယ်သူကများ တာဝန်ယူ၊ တာဝန်ခံခဲ့ကြပါသလဲ၊ ခေတ်သစ် ကျူးကျော်စစ်တွေရဲ့ အဓိကလက်သည် အမေရိကန်ကြီးအနေနဲ့ရော ဒီစစ်ပွဲတွေ အားလုံးအတွက် တာဝန်ယူခဲ့ပါသလား။

### မြင်သာတဲ့ခေါင်းဆောင်မှုကွာခြားချက်

လက်ရှိ ယူကရိန်းနဲ့ ရုရှားဖြစ်စဉ်မှာ ခေါင်းဆောင်မှု ကွာခြားချက်တွေကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရတယ်။ ဉာဏ်ပညာအမြော်အမြင်နဲ့ ရှေ့ကို ကြိုမြင်ပြီး ကိုယ်ရဲ့ ခွန်အားနဲ့ စစ်ရေး၊ စီးပွားရေးအင်အားကို သိုသိုသိပ်သိပ် ကြိုပြီး တည်ဆောက်ထားတတ်တဲ့ ခေါင်းဆောင်နဲ့ ကာကွယ်ရေးအမြင်၊ လုံခြုံရေးအမြင် ဘာမှမရှိဘဲသူများ ကြိုးဆွဲရာက ရုပ်သေးရုပ်ဖြစ်ရတဲ့ ခေါင်းဆောင်နှစ်ဦးအကြား ဖြစ်စဉ်နဲ့ ရလဒ်ကအများကြီး ကွာသွားပါတယ်။ ခေါင်းဆောင်ညံ့ပြီး ဆင်ခြင်တုံတရား မရှိရင် ပြည်သူတွေ အများကြီး ခံရပါတယ်၊ တိုင်းပြည်ပျက်ရတယ်။ ပါးနပ်မှု မရှိ ညံ့ဖျင်းတဲ့ ခေါင်းဆောင်တွေကြောင့် အိုးမဲ့အိမ်မဲ့နဲ့ စွန့်ခွာထွက်ပြေးရပြီး ဘာမှ အပြစ်မရှိဘဲ ထိခိုက်သေဆုံးကြရတဲ့ စတေးခံပြည်သူတွေရဲ့ဘဝဟာ တကယ် ဝမ်းနည်းစရာကောင်းလှပါတယ်။

ဆရာကျလှတဲ့ ကိုယ်ကျိုးကြည့် နိုင်ငံကြီးတွေရဲ့ ထိပ်တိုက်တွေ့စေရေး ဗျူဟာနဲ့ မြှောက်ပင့်မှုတွေအောက်မှာ ယုံစားမိခဲ့တဲ့ခေါင်းဆောင်နဲ့အတူ ဒူးနဲ့ မျက်ရည်သုတ်ရတဲ့ ပြည်သူတွေကို နှစ်သိမ့်ဖို့ "ဝမ်းနည်းပါတယ်" ဆိုတဲ့ စကားကတော့ နောက်ကျနေပြီဖြစ်ပါတယ်။ ခေါင်းဆောင်တင်မက ပြည်သူ့ ဘက်ကလည်း မအဖို့နဲ့ မညံ့ဖို့တော့ လိုမယ်ဆိုတာ လက်ရှိဖြစ်စဉ်က ထင်ရှား ပြနေတယ်ဆိုတာ မြင်တတ်ဖို့လိုပါတယ်။ ယူကရိန်းမှာ ဒီလိုဖြစ်ရတာ ပြည်သူများ မှာလည်း တာဝန်ရှိတယ်လို့ပြောရင် မမှားပါဘူး၊ ဘာကြောင့်လဲဆိုတော့ သူတို့ကိုယ်တိုင် သူတို့ရဲ့ခေါင်းဆောင် ရွေးချယ်မှု မှားခဲ့လို့ပါပဲ။ နိုင်ငံရေး လုပ်တယ်ဆိုတာ စိတ်ကူးယဉ်ဆန်ဆန်နဲ့ ရုပ်ရှင်ရိုက်နေတာမဟုတ်၊ လူများတိုင်း လည်း ဤ ကို ကျွဲဖြစ်တာမဟုတ်၊ သမိုင်း ကျေမှသာ နိုင်ငံရေးလုပ်သင့်ပြီး တကယ့် လက်တွေ့ကျတဲ့ နိုင်ငံအရေးသည်သာ လျှင် ဦးထိပ်ပန်ဆင်ရမယ့်အရာလို့ မှတ်ယူသင့်ပါတယ်ဆိုတာ ကွဲကွဲပြားပြား မြင်ရပါလိမ့်မယ်။

**ဆရာကျလှတဲ့ ကိုယ်ကျိုးကြည့် နိုင်ငံကြီးတွေရဲ့ ထိပ်တိုက်တွေ့စေရေးဗျူဟာနဲ့ မြှောက်ပင့်မှုတွေအောက်မှာ ယုံစားမိခဲ့တဲ့ခေါင်းဆောင်နဲ့အတူ ဒူးနဲ့မျက်ရည်သုတ်ရတဲ့ ပြည်သူတွေကို နှစ်သိမ့်ဖို့ "ဝမ်းနည်းပါတယ်" ဆိုတဲ့ စကားကတော့ နောက်ကျနေပြီ ဖြစ်ပါတယ်။ ခေါင်းဆောင်တင်မက ပြည်သူ့ဘက်ကလည်း မအဖို့နဲ့ မညံ့ဖို့တော့ လိုမယ်ဆိုတာ လက်ရှိဖြစ်စဉ်က ထင်ရှားပြနေတယ်ဆိုတာ မြင်တတ်ဖို့လိုပါတယ်။ ယူကရိန်းမှာ ဒီလိုဖြစ်ရတာ ပြည်သူများမှာလည်း တာဝန်ရှိတယ်လို့ပြောရင် မမှားပါ ဘူး၊ ဘာကြောင့်လဲဆိုတော့ သူတို့ကိုယ်တိုင် သူတို့ရဲ့ခေါင်းဆောင်ရွေးချယ်မှု မှားခဲ့ လို့ပါပဲ။ နိုင်ငံရေးလုပ်တယ်ဆိုတာ စိတ်ကူးယဉ်ဆန်ဆန်နဲ့ ရုပ်ရှင်ရိုက်နေတာမဟုတ်၊ လူများတိုင်းလည်း ဤကို ကျွဲဖြစ်တာမဟုတ်၊ သမိုင်းကျေမှသာ နိုင်ငံရေးလုပ်သင့်ပြီး တကယ့်လက်တွေ့ကျတဲ့ နိုင်ငံအရေးသည်သာလျှင် ဦးထိပ်ပန်ဆင်ရမယ့်အရာလို့ မှတ်ယူသင့်ပါတယ်ဆိုတာ ကွဲကွဲပြားပြား မြင်ရပါလိမ့်မယ်**

### အမြော်အမြင်ရှိတဲ့ခေါင်းဆောင်နဲ့ ညီညွတ်မှုရှိတဲ့ပြည်သူသာပဓာန

နိုင်ငံကြီးတွေကြားမှာ ညပ်နေတဲ့ နိုင်ငံငယ်တွေအတွက် ပိုပြီး သတိထားဖို့ လိုတယ်ဆိုတာ ယူကရိန်းက သက်သေပြနေတယ်။ စစ်ရေးအရရော ပထဝီနိုင်ငံရေးအရပါ မဟာဗျူဟာကျတဲ့ နိုင်ငံငယ်တွေအတွက်ဆို ပိုအရေးကြီးတာပေါ့။ နှစ်နိုင်ငံနယ်စပ်တွေမှာ buffer zone ခံထားခံရတဲ့ လက်နက်ကိုင်အဖွဲ့တွေ ရှိနေတဲ့ နိုင်ငံငယ်တွေရဲ့ ခေါင်းဆောင်တွေမှာ စစ်ရေး၊ နိုင်ငံရေးအမြင် ထက်မြက်ဖို့ လိုပါတယ်။ ဆင်ခြင်တုံတရားနဲ့ အကွက်မြင်နေဖို့ လိုတယ်။ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် လက်နက်ကိုင်အဖွဲ့တွေနဲ့ ပဋိပက္ခဖြစ်တိုင်း မိမိတိုင်းပြည်နဲ့ ကိုယ့်ပြည်သူတွေမနစ်နာဖို့ လျှို့ဝှက်စွာ ညှိနှိုင်းပေါင်းစပ် လုပ်ကိုင်ရတာတွေ၊ အပေးအယူအလျှော့အတင်း လုပ်လိုက်ရတဲ့ဖြစ်စဉ်တွေဟာ ပါးနပ်ပြီး အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်တွေနဲ့ သာလုပ်နိုင်တာဖြစ်တယ်။ ပြည်သူတွေအတွက်တော့ စည်းလုံးညီညွတ်မှုရှိပြီး နိုင်ငံရေးရေချိန်လည်း မြင့်မားဖို့လိုတယ်ဆိုတာ အထူးပြောစရာလိုမယ်မထင်ပါဘူး။ ယူကရိန်းဖြစ်စဉ်မှာ မြင်နေရတာတော့ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာဟာ ခေါင်းဆောင်မှုနဲ့ ညီညွတ်မှုအပေါ် အဓိကမူတည်နေတယ်ဆိုတာ ထင်ရှားနေခြင်းပဲ ဖြစ်ပါတယ်။

### ကိုယ့်ပြည်တွင်းအားနဲ့ ကိုယ့်အမျိုးသားအကျိုးစီးပွားသာထာဝရ

လုံခြုံမှုရှိမှသာ တည်ငြိမ်မယ်၊ ငြိမ်းချမ်းနိုင်မယ်ဆိုတာ ယူကရိန်းစစ်ပွဲက ပြနေပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုစံနှုန်းတွေနဲ့ ကိုက်ညီမှုရှိရဲ့လားမသိ၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ စကားလုံးလောက်ပြောတတ်ရင်ကို နိုင်ငံရေးလို့ထင်ပြီး အလုပ်ဖြစ်နေတဲ့ နိုင်ငံရေးသမားတွေနဲ့ ပြည်သူတွေအတွက်တော့ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးထက် ကိုယ့်ပြည်သူတွေရဲ့လုံခြုံရေးနဲ့ နိုင်ငံရဲ့အင်အား၊ ကိုယ့်ရဲ့ အမျိုးသားအကျိုးစီးပွား ကသာ ပိုအရေးကြီးပါလားဆိုတာ သဘောပေါက်လောက်ပါတယ်။

ယခုတော့ ယူကရိန်းနဲ့ ယူကရိန်းပြည်သူတွေကို US ကလည်း လာမကယ်နိုင်၊ UN ကလည်း လာမကူနိုင်၊ NATO ကလည်း အဖက်မလုပ်၊ ယူကရိန်းသမ္မတကိုယ်တိုင်လည်း ကူရာမဲ့၊ ဘယ်ခေါင်းဆောင်ကမှလည်း တာဝန်မယူ။ "ကျားသနားမှ နွားချမ်းသာရမယ့်" ဘဝ၊ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိတယ်ဆိုတာ အမှန်ပဲဆိုတာ ဒီနေရာမှာ တွေ့လိုက်ရတယ်။ နိုင်ငံခြားရေးမူဝါဒ အနေနဲ့လည်း ယူကရိန်းအစိုးရအနေနဲ့ မိမိအမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်မယ့် မူဝါဒကိုသာ ကိုင်စွဲထားရမယ်ဆိုတာ မေ့လျော့ခဲ့တယ်လို့ ထင်မြင်မိပါတယ်။

### ရုရှားနဲ့ယူကရိန်းဟာ သွေးရင်းသားချင်း ညီအစ်ကိုဖြစ်ခဲ့ကြသူတွေပါ

ပထဝီနိုင်ငံရေးရှုထောင့်က ကြည့်ရင် ဘယ်နိုင်ငံက ကိုယ့်အတွက် မဟာဗျူဟာအရ ဘယ်လိုအချက်အချာကျနေသလဲ၊ မြင်ကြည့်တွေးကြည့်တတ်ဖို့လိုပါတယ်။ ပကတိ ကိုယ့်နိုင်ငံနဲ့ စပ်အပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလမ်းစဉ်တွေသာလျှင် ကိုယ့်နိုင်ငံရဲ့ အင်အားနဲ့ လုံခြုံရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ တကယ်တော့ ရုရှားနဲ့ ယူကရိန်းဆိုတာ ဆိုဗီယက်တစ်ပြည်ထောင်စုထဲမှာ အတူရှိခဲ့ကြပြီး မိခင်ရုရှားအောက်မှာ စည်းလုံးခဲ့ကြတဲ့ သွေးရင်းသားချင်းညီအစ်ကိုတော်တွေပါ။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ယူကရိန်းဟာဆိုဗီယက်ပြည်ထောင်စုကြီးမှာ ရှိစဉ်ကတည်းက ဖွံ့ဖြိုးတိုးတက်ခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်သလို ခွဲထွက်ပြီးနိုင်ငံဖြစ်တဲ့အခါမှာလည်း စစ်ရေး၊ စီးပွားရေး အတော်တောင့်တင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ၁၉၉၁ မှာ CIA နဲ့စနက်ကြောင့် ဆိုဗီယက်ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲခဲ့ကြတဲ့အခါမှာတောင် ယူကရိန်းဟာ US နဲ့ NATO အုပ်စုနောက်မလိုက်ဘဲ ရုရှားနဲ့အတူ ၂၀၁၄ ခုနှစ်အထိကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နှစ်ကိုယ့်တစ်စိတ် ရှိခဲ့ကြပါသေးတယ်။ နောက်ပိုင်းတော့ ရုရှားလိုလားတဲ့အစိုးရကို US နဲ့ UK တို့ရဲ့ မြှောက်ပင့်သွေးခွဲ ဖြုတ်ချအပြီးမှာ အနောက်လိုလားတဲ့အစိုးရ အုပ်ချုပ်နေခဲ့တာ ယနေ့ထိတိုင်ပါပဲ။

**US နဲ့ NATO ရဲ့အကြံ ခံရတာက ယူကရိန်း**

US ဟာ ဒါကို အားမရသေးဘဲ ရုရှားကို အလုံးစုံဝိုင်းပတ်ပိတ်ဆို့ပြီး နောက်ဆုံး ရုရှားကြီး အင်အားချည့်နဲ့ ပျက်စီးအောင် အကြံနဲ့ ယူကရိန်းကို NATO ထဲဆွဲသွင်း၊ ယူကရိန်းမှာ NATO တပ်ဖွဲ့နဲ့ လက်နက်တွေ ချထားမှာဖြစ်ပါတယ်။ ရုရှားခေါင်းဆောင် ဗလာဒီမီယာ ပူတင် အနေနဲ့လည်း သူ့နိုင်ငံခြံစည်းရိုးတံခါးဝမှာ ရန်သူကို အခြေချခွင့်ပြုရအောင် ဆင်ခြင်တုံတရားမဲ့တဲ့ ခေါင်းဆောင်မျိုး မဟုတ်ပါဘူး။ ယူကရိန်းနိုင်ငံ NATO အဖွဲ့ဝင်ဖြစ်သွားရင် ရုရှားနိုင်ငံရဲ့ လုံခြုံရေးဟာ အလွန်စိုးရိမ်ရတဲ့ အခြေအနေအောက် ရောက်သွားရမယ်ဆိုတာ အားလုံးက မှန်းဆကြည့်နိုင်ပါတယ်။

ယူကရိန်းသမ္မတ ဇာလန်စကီး အနေနဲ့ တင်းမာမှုလျှော့ချရေးအတွက် အဖြေရှာရမယ့်အစား ယူကရိန်းကို NATO အဖွဲ့ဝင်ဖြစ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဟာ ရုရှားအနေနဲ့ ဘယ်လိုမှ လက်ခံလို့မရတဲ့အနေအထား ဖြစ်သွားပါတယ်။ ဒီအနေအထားမှာ နှစ်ဖက် စေ့စပ်ညှိနှိုင်းမှုတွေနဲ့ အကြိမ်ကြိမ် ဆွေးနွေးအဖြေရှာခဲ့ကြပေမယ့် ရုရှားရဲ့လုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားကို အမေရိကန်ကရော၊ NATO ကပါ အာမခံချက်မပေးနိုင်တဲ့အပြင် ရုရှားနဲ့ တစ်ချိန်က ဆွေမျိုးဖြစ်ခဲ့ဖူးသူ ယူကရိန်းကပါ US နောက်လိုက်ပြီး သစ္စာဖောက်ခဲ့တဲ့အခါမှာတော့ ယခုလိုပဲ ယူကရိန်းမှာ စစ်မီးတောက်ပြီး အဖြစ်ဆိုးကြုံကြရတော့တာ ဖြစ်ပါတယ်။ တကယ်စစ်ပွဲဖြစ်လာတဲ့အခါမှာတော့ ယူကရိန်းဟာ NATO အဖွဲ့ဝင်မဟုတ်တဲ့အတွက် ယူကရိန်းဘက်က ကူတိုက်ပေးမယ့်အခြေအနေမှာ မရှိပါဘူး။ တကယ်တော့ ရုရှား – ယူကရိန်းစစ်ပွဲဟာ သူတို့ဆွေမျိုးအချင်းချင်း ပြည်သူအချင်းချင်း လက်ထောက်ချ ပြန်သတ်ခိုင်းတဲ့ US နဲ့ NATO တို့ရဲ့ အကြံပဲဖြစ်ပါတယ်။

**မတူတဲ့အကြောင်းပြချက်နဲ့ မတူတဲ့စစ်ပွဲအသွင်အပြင်**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောနေပါတယ်။ NATO တပ်ဖွဲ့တွေ အီရတ်၊ လစ်ဗျား၊ ယူဂိုဆလားဗီးယားကို ဝင်တိုက်စဉ်ကတော့ ဒီမိုကရေစီကို အကြောင်းပြခဲ့ပါတယ်တဲ့။ ဒါပေမယ့် ရုရှားက ယူကရိန်းကို ဝင်တာကိုတော့ အတင်းအဓမ္မကျူးကျော်မှု aggression, invasion လို့ ခေါ်ဝေါ်သမုတ်နေတယ်လို့ ဆိုပါတယ်။

ဖြစ်စဉ်တွေကို နှိုင်းယှဉ်ကြည့်ရင် အကြောင်းအကျိုးဆီလျော်မှု၊ ပရမ်းပတာဖြစ်မှု ရှိမရှိ၊ အသေအပျောက်နှုန်းစတာတွေနဲ့ ဆန်းစစ်ပြီးပြောပြသွားခြင်း ဖြစ်တယ်လို့ မှတ်သားမိပါတယ်။ ရုရှားရဲ့ အကြောင်းပြချက်က အချုပ်အခြာနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းဖို့က အဓိကပါ။ နယ်နိမိတ်ချင်းထိကပ်နေတဲ့ နှစ်ရှည်လများ မိသားစုဝင်နိုင်ငံတစ်နိုင်ငံကို ငြိမ်းချမ်းရေးအကြောင်းပြ ဝင်ရောက်ခြင်းလို့ ယူဆနိုင်ပါတယ်။ နိုင်ငံငယ်တွေအပေါ် US ဦးဆောင်ပြီး ဝင်ရောက်တိုက်ခိုက်၊ နှစ်ကာလရှည်သိမ်းပိုက်ခြင်းရဲ့ အကြောင်းပြချက်တွေကို ကြည့်ရင် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ အကြမ်းဖက်နှိမ်နင်းမှု စတဲ့အကြောင်းပြချက်တွေချည်း ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

သူ့အကြောင်းနဲ့သူရှိကြပေမယ့် US နဲ့ NATO ကျူးကျော်မှုက မိုင်ထောင်ချီဝေးကွာတဲ့ နိုင်ငံများကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ထားခဲ့ခြင်းဖြစ်ပြီး အရပ်သားပြည်သူ သေဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရ၊ ဆုံးရှုံးပျက်စီးမှုပမာဏက ကြီးမားလွန်းလှပါတယ်။ ယခုထိတိုင် ထိုတိုင်းပြည်တွေမှာ ငြိမ်းချမ်းရေးလည်း မရရှိကြသေးပါဘူး။

ရုရှားတပ်ဖွဲ့တွေရဲ့ အထူးစစ်ဆင်ရေးလို့ခေါ်တဲ့ ဝင်ရောက်တိုက်ခိုက်မှုက ဘယ်လောက် ရှည်ကြာမယ်ဆိုတာ ခန့်မှန်းရခက်ပေမယ့် လွန်ခဲ့တဲ့ရက်များက အိမ်နီးချင်း ကာဇက်စတန်နိုင်ငံကို ငြိမ်းချမ်းရေးထိန်းသိမ်းဖို့ ရက်ပိုင်းလေး ဝင်ရောက်ခဲ့မှုကိုကြည့်ရင် အပြောနဲ့ အလုပ်ညီညွတ်မယ်လို့တော့ ယူဆရပါတယ်။ ရုရှားနဲ့ ယူကရိန်းအတွက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှု၊ လုံခြုံမှုအာမခံချက်ရအောင်လုပ်မှာဖြစ်ပြီး နှစ်ချီကြာမယ့် စစ်ဆင်ရေးအသွင် မဖြစ်နိုင်ကြောင်း ခန့်မှန်းမိပါတယ်။

**မလွဲမသွေ ကြုံတွေ့ခံစားရတဲ့ စစ်ရဲ့ နောက်ဆက်တွဲလက္ခဏာတွေနဲ့အတူ အရင်းခံ အကြောင်းတရားများ ရှာနိုင်ဖို့လို**

**အားလုံး ခန့်မှန်းတဲ့အတိုင်း ဖြစ်လာတာတွေတော့ ရှိပါတယ်။ စစ်ရဲ့ နောက်ဆက်တွဲ စီးပွားရေး၊ လူမှုရေး ဂယက်တွေပဲပေါ့၊ လက်ရှိ ရေနံလောင်စာဈေး၊ ရွှေဈေး အကုန်တက်သွားပါပြီ။ ရူဘယ်တန်ဖိုးကျ၊ စတော့ဈေးတွေကျ၊ ဒေါ်လာတန်ဖိုးကျပြီး US ရဲ့ ငွေကြေးဖောင်းပွမှု မြင့်တက်သွားပါတယ်။ ကိုယ့်ပြည်တွင်းမှာပဲ Production အားကောင်းတဲ့ နိုင်ငံကြီးတွေအနေနဲ့ မထောင်းသာပေမယ့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို သာမန်ပြည်သူတွေ အပါအဝင်အားလုံးက ခံစားရတော့မှာပါ။ ကပ်တွေပါပဲ။ အကြောင်းကြောင့် အကျိုး ဖြစ်လာတာဆိုတော့ အစွဲကင်းကင်းနဲ့ ကြည့်ရင် စစ်ပွဲဖြစ်ရခြင်းရဲ့ တကယ့်မူလ အရင်းခံ အကြောင်းတရားကဘာလဲ။ ဘယ်လိုသဘောတရားတွေက လွှမ်းမိုး factors တွေလဲ။ ရှာတတ်ဖို့လိုတဲ့အပြင် တကယ့်မြင်သာတဲ့ အကြောင်းတရားတွေကိုပဲ ကြည့်လို့မရပါဘူး၊ hidden cause ခေါ်တဲ့ မမြင်သာတဲ့အကြောင်းတရားတွေကိုလည်း ရှာနိုင်မှသာ ရေရှည်အဖြေရမှာဖြစ်တယ်ဆိုတာ မြင်ရမှာဖြစ်ပါတယ်။ root cause ခေါ်တဲ့ အရင်းအမြစ်အကြောင်းခံကို မရှာနိုင်ရင် ဘယ်လိုပဋိပက္ခမျိုးကိုမှ ဖြေရှင်းဖို့ လွယ်မှာ မဟုတ်ပါဘူးဆိုတဲ့အချက်က ရထိုက်တဲ့ သင်ခန်းစာတစ်ခုပါပဲ။**

နောက်ဆုံး အချုပ်ဆိုရရင်တော့ ဥရောပမြေမှာ တုန်ဟည်းခဲ့ရတဲ့ ယခု ရုရှား– ယူကရိန်းစစ်ပွဲကြီးကို ဥရောပခေါင်းဆောင်တွေနဲ့ အမေရိကန်ခေါင်းဆောင်တွေအကြား အဆိပ်နဲ့သကာရည်ရောထားပြီး ခါးသီးလှတဲ့ စစ်ပွဲတစ်ခုအဖြစ်ပဲ မြင်မိပါတယ်။ ရုရှားနိုင်ငံမှာ ပြည်သူ လေးသန်းခန့်ကသာ ရုရှားရဲ့စစ်ဆင်ရေးကို ကန့်ကွက်ကြပေမယ့် ကြားက စစ်ပွဲဒဏ်ခံရတဲ့ ယူကရိန်းပြည်သူတွေကတော့ အပြစ်မဲ့မြေစာပင်တွေပဲ ဖြစ်ကြရပါတယ်။ စစ်ဆိုတာ ခေါ်မိရင် မပြီးနိုင်၊ မစီးနိုင် ဖြစ်တတ်ပါတယ်။ ဘယ်သူနိုင်နိုင်ရှုံးရှုံး ဘယ်လိုစစ်ပွဲမျိုးမှ မကောင်းပါဘူး။

**ကိုယ့်နိုင်ငံက တိုင်းရင်းသားပြည်သူတွေအတွက်ကတော့ ညီညွတ်ချိန်တန်ပြီ၊ စည်းလုံးချိန်တန်ပါပြီ။ တိုက်ကြခိုက်ကြတာတွေ ရပ်သင့်ပါပြီလို့သာ မေတ္တာရပ်ခံချင်ပါတယ်။ တို့နိုင်ငံက ပြည်သူတွေ၊ တိုင်းရင်းသားတွေ သူများနိုင်ငံ၊ သူများအကျိုးအတွက် ဘာဖြစ်လို့ အသက်တွေ၊ မနဥစ္စာတွေ အဆုံးရှုံးခံကြရမှာလဲ။ တွေးကြည့်ဖို့ကောင်းပါတယ်။**

ဒါ့ကြောင့်ပဲ ယူကရိန်းကပေးတဲ့ သင်ခန်းစာကိုရယူရင်းနဲ့ ဆုတောင်းလိုက်မိပါတယ်။ ယူကရိန်းပြည်သူတွေ အားလုံး အဆိပ်အတောက်ကင်းတဲ့ ရိုးသားဖြောင့်မတ်ပြီး ဉာဏ်ပညာရှိတဲ့ ခေါင်းဆောင်တွေအောက်မှာ ငြိမ်းချမ်းအေးချမ်းတဲ့ ဘဝတွေကို ပြန်လည်ပိုင်ဆိုင်နိုင်ကြပါစေ ... လို့သာ။

## နွားထိုးကြီးမြို့နယ်၌ ထန်းလျက်ဈေးကောင်း၍ ထန်းတက်သူများနေ

**နွားထိုးကြီး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် ထန်းလှိုင်လှိုင်ပေါ်နေပြီဖြစ်၍ ထန်းလျက်အထွက်ကောင်းသလို ထန်းလျက်ဈေး ငွေကျပ် ၂၅၀၀၊ ၂၈၀၀ အထိ ဈေးကောင်းနေ၍ ထန်းတောင်သူများ ဝင်ငွေမှန်နေကြောင်း မလှိုင်နယ် အိမ်ကြီးတောရွာ ထန်းတောင်သူထံမှ သိရသည်။

နှစ်စဉ်ထက် ထန်းလျက်ဈေး ငွေကျပ် ၃၀၀၀ ကျော်နေ၍ ဈေးကောင်းသော်လည်း ဝါး၊ မြူအိုး၊ ကြိုးဈေးများကလည်း အဆမတန်ဈေးမြင့်နေ၍ ထန်းတောင်သူများ ထန်းလျက်ဈေးကောင်းသော်လည်း အမြတ်နည်းပါးကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်တွင် ယခင်က ထန်းလျက်ဈေးမကောင်း၍ နိုင်ငံခြားထွက် အလုပ်လုပ်နေကြပြီး ယခုအခါ ထန်းလျက်ဈေးကောင်းနေ၍ ပစ်ထားသော ထန်းပင်များကို ထန်းတောင်သူများ ထန်းပြန်တက်နေသည်။

နွားထိုးကြီးနယ်၌ ထန်းပင်လေးသိန်းကျော်ရှိပြီး ထန်းသမား ၈၀၀၀ ခန့်ရှိနေသည်။

**မောင်ငွေး**

# ဖူးစေချင်ညွှန်း မြတ်မော်တင်စွန်း

## သိန်းဇော်(ရွှေလီဦး)

ပုသိမ်ဆိပ်ကမ်းရောက်တော့ ကျွန်တော့်မမပုသိမ်သူ သီချင်းသံ နားထဲတွင် ကြားယောင်လာသည်။ ဟိုးလွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကာလက မြတ်မော်တင်ဘုရားသို့ ပုသိမ်မှ ရေလမ်းခရီးဖြင့် သွားခဲ့ပုံကို သတိရလိုက်သည်။ ပုသိမ်ဆိပ်ကမ်းနှင့် ပုသိမ်မြစ်ရိုးတစ်လျှောက် သင်္ဘောကြီးငယ်များ၊ အလံတွေ တလူလူ အသံချဲ့စက်သံတညံညံဖြင့် မြင်ရကြားရသည်မှာ ပျော်ရွှင်စရာ၊ ကြည်နူးစရာအတိပင်။ ပုသိမ်မြစ်ရိုးတစ်လျှောက် ပွဲတင်ထပ်နေသော ကျွန်တော့်မမ ပုသိမ်သူ သီချင်းကား မြတ်မော်တင်စွန်းဘုရားပွဲတော်ကာလ၏ သင်္ကေတတစ်ခုပင်။ နှစ်စဉ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ ဘုရားပွဲတော်ကာလ ဖြစ်သည်။ ယခုအခါ ရေလမ်းတင်မဟုတ်တော့၊ ကားလမ်းခရီးဖြင့်လည်း သွားလာနိုင်ကြလေပြီ။

### မြတ်မော်တင်စေတီတော်ကြီးသို့

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတော မြို့နယ် အနောက်ရိုးမတောင်စွန်း ပုသိမ်မြို့မှ ၉၆ မိုင်အကွာ နဂရအငူတွင် မြတ်မော်တင်စွန်းဘုရား တည်ရှိသည်။ ကားလမ်းခရီးဖြင့်သွားလျှင် သာယာလွန်းသော အနောက်ရိုးမတောင်၏ အရှေ့ဘက်ခြမ်းရှိ တောင်ခြေရှုခင်းများ၊ သဘာဝတောတောင်များ၊ ရောတိုင်း၏ လူနေမှုဘဝအလှများ၊ စိုက်ခင်းများ၊ ရော်ဘာခြံများ၊ အသီးအနှံခြံများ၊ ကျွန်းတောများကို မြွေလိမ်မြွေကောက် လမ်းဘေးဝဲယာတွင် စုတ်ချက်ရောင်စုံ ပန်းချီကားများအလား မြင်တွေ့နိုင်သည်။ ပုသိမ်ကြိုးတံတားနှင့် ပုသိမ်မြို့လယ်ရှိ ပုသိမ်အမှတ်(၂)တံတားမှ ကူးလိုက်လျှင် မကြာခင် ချောင်းသာကမ်းခြေသို့ဟု လမ်းညွှန်ထားသော လမ်းခွဲကျော်လာသလို စိန်တောင်လမ်းခွဲသို့ ရောက်လျှင် ငွေဆောင်သို့သွားသောလမ်းခွဲကို တွေ့ရပြီး တောင်ဘက်စူးစူးလမ်းကား အံ့ဖွယ် ၁၈ ပါးနှင့်အတူ တန်ခိုးကြီးမားသော မြတ်မော်တင်စေတီတော်ကြီးသို့ သွားရာလမ်းပင်။

မော်တင်စွန်းဘုရားမှာ မြန်မာလူမျိုးတို့၏ စိတ်ဘဝင်ကို ညို့ယူဆွဲဆောင်နိုင်သော နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ပြည်တွင်းဘုရားဖူးသာမက ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်ဖူးမြော်လေ့လာသောဘုရားတစ်ဆူလည်းဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်အလှနှင့် ကျောက်ဆောင်ကျောက်တန်းများ အလှအပကို ထပ်ပေါင်းကြည့်ရှုခံစားလိုသော ဘုရားဖူးများအတွက် အထူးအခွင့်အရေးတစ်ခုပင်။



### ဘုရားပွဲတော်

နှစ်စဉ် ဘုရားပွဲတော်ကိုစည်ကားစွာ ကျင်းပပြီး ပွဲတော်ရက်မှာ တပေါင်းလဆန်း ၁ ရက်နေ့မှ လပြည့်နေ့အထိ ဖြစ်သည်။ ပွဲတော်အတွင်း တည်းခိုနေထိုင်ရန် မျှောတိုင်၊ ဝါးတိုင်၊ သက်ငယ်၊ ဓနိများဖြင့် ဆောက်လုပ်ထားသော တည်းခိုဆောင်များ အစီအရီ ယာယီပေါ်လာသလို ရေချိုးသုံးရန်လည်း အလျှံပယ်ဖန်တီးထားသည်။ ဒေသထွက်သဘာဝခရုခွံများဖြင့် အလှဆင်ထားသော ပုတီး၊ လည်ဆွဲ၊ ကန့်လန့်ကာ၊ ဦးထုပ်၊ ပန်းအိုးများကို ရောင်းချနေသည့် ဈေးတန်းကြီးကိုလည်း တစ်မျှော်တစ်ခေါ်တွေ့ရသည်။ ထို့အတူ အုန်းလက်ခမောက်ကလေးများ ဆောင်းကာ မော်တင်စွန်းမှ မနီးမဝေးရှိ ငွေတောင်ရေချိုးဆိပ်သို့ သွားရောက်၍ ပင်လယ်ရေချိုးနိုင်သည်။ အုန်းရေသောက်နိုင်သည်။ ပျော်ရွှင်ဖွယ်ရာ အားကစားနည်းလေးများလည်းရှိသည်။



မော်တင်စွန်းစေတီတော်နှင့် ပွဲတော်ကျင်းပရာကမ်းခြေမှ ဆိုင်ခန်းများ

### စေတီတော်သမိုင်း

မြတ်မော်တင်စွန်းဘုရားကို ပင်လယ်သောင်ခြေလမ်းမှ ဖူးမြော်လျှင် ပင်လယ်ထဲသို့ထိုးထွက်နေသော မြန်မာနိုင်ငံမြေပုံ အနောက်တောင်စွန်း အငူလေးမှာ တည်နေပုံကို ထင်ထင်ရှားရှားတွေ့မြင်နိုင်သည်။ ထိုအစွန်းလေးကို မော်တင်စွန်းဟု ခေါ်ကြသလို နဂါးရစ်တောင် သရကာတောင် (သို့မဟုတ်) နီရာဘန်တောင်ဟု ခေါ်ကြသည်။ ထိုဆံတော်ရှင်စေတီတော်မှာ မြတ်စွာဘုရားပွင့်တော်မူစဉ်ကာလ ဥက္ကလာပတိုင်းသားများဖြစ်သော တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် မြတ်စွာဘုရားထံမှ ဆံတော်ရှစ်ဆူ ပင့်ဆောင်ခွင့် ရရှိခဲ့သည်။ ပင်လယ်ခရီးဖြင့် ပြန်လာရာ ဇေယျသေန နဂါးမင်း ပိုင်စိုးသော နဂရအငူသို့ ဖြတ်သန်းရာတွင် နဂါးမင်းက ဆံတော်နှစ်ဆူ ပင့်ဆောင်ယူပြီး မော်တင်တောင်ထိပ်တွင် ဌာပနာသွင်း၍ စိုင်တမော့အရွယ် စေတီတစ်ဆူ စတင်ပူဇော်ခဲ့သည်။ ဘွဲ့အားဖြင့် မဟာမကုဋ္ဌရံသီ တွင်ခဲ့သည်။ ထို့နောက် သီရိဓမ္မာသောကမင်းကြီးက ပြန်လည်ပြုပြင်ခဲ့သည်။ သာသနာတော်သက္ကရာဇ် ၂၃၆ ခုနှစ်တွင် အရှင်မဟာမောဂ္ဂလိတိဿ မထေရ်နှင့် အရှင်ဥတ္တရမထေရ်၏ တန်ခိုးတော်ဖြင့် မင်းကြီးနှင့်တကွ မိဖုရား အခြွေအရံတို့က ပြုပြင်မွမ်းမံသည်။

သက္ကရာဇ် ၄၅၇ ခုနှစ်တွင် အလောင်းစည်သူမင်းကြီး ပင်လယ်ရပ်ခြားနိုင်ငံများသို့ လှည့်လည်ရာတွင် တောင်ထိပ်ရှိ ဆံတော်ရှင် ရောင်တော်ကွန့်မြူးသည်ကို ဖူးတွေ့ရသဖြင့် ဖောင်တော်ဆိုက်၍ ဖူးမြော်ခဲ့သည်။ ဖောင်တော်ဆိုက်ရာနေရာကိုလည်း ဖောင်တော်ဦးစေတီ တည်ထားခဲ့သည်။ ဘုရားကြီး၏ခြေတော်ရင်း ပင်လယ်ကမ်းစပ်ကျောက်ဆောင်ပေါ်တွင် ဖူးတွေ့နိုင်သည်။

### ပွဲတော်ကျင်းပရာသောင်ပြင်

မြတ်မော်တင်ဘုရားကို ဖူးမြော်ပြီးသည်နှင့် ငွေတောင်ဘုရားကိုလည်း ဖူးတွေ့နိုင်သည်။ ငွေတောင်မှာ မော်တင်စွန်းဘုရားပွဲလာ ဘုရားဖူးများ ပင်လယ်ရေချိုးရာ ရေချိုးဆိပ်လည်းဖြစ်သည်။ မြတ်မော်တင်ဘုရားပွဲတော်ကျင်းပသော သောင်ပြင်ကြီးမှာ တစ်နှစ်ပတ်လုံး ရေမြုပ်နေသော နေရာဖြစ်ပြီး ပွဲတော်ရက်အတွင်း ပေါ်လာသလို ဈေးဆိုင်တန်းများ၊ ဇာတ်ပွဲများ ဆောက်လုပ်နိုင်ပြီး လူအများနှင့် ယာဉ်မျိုးစုံတို့ သွားလာနိုင်ကြသည်။ ထို့နောက် ပွဲတော်အပြီး တပေါင်းလပြည့်ကျော် ၁ ရက်မှစ၍ ရေပြန်မြုပ်သွားလေ့ရှိသည်။

သဘာဝပတ်ဝန်းကျင် လေ့လာစရာ ကြည်နူးဖွယ်ရာ စိတ်ရွှင်လန်းဖွယ်ရာ မြင်ကွင်းအစုံတို့ကို တွေ့မြင်ခံစားရမည့် မြတ်မော်တင်ဘုရားပွဲတော်ရက်က မဝေးတော့ပြီ။ ရန်ကုန်မှ သင်္ဘောကြီးဖြင့် ပုသိမ်သို့ ရေလမ်းခရီး၊ ပုသိမ်မှ မြတ်မော်တင်ခမောက်မော်သို့ ရေလမ်းခရီးဖြင့်လည်းကောင်း၊ ကားလမ်းခရီးဖြင့်လည်းကောင်း ကြိုက်နှစ်သက်ရာ လမ်းကြောင်းများဖြင့် လာရောက်ဖူးမြော်နိုင်ကြပြီ။ မြန်မာပြည်အရပ်ရပ်မှ ဧရာဝတီတိုင်းမြို့တော် ပုသိမ်မြို့သို့ ရောက်ရှိပါက ပုသိမ်မြို့ပေါ်ရှိ ရွှေမုဋ္ဌောဘုရား၊ ရေကြည်ဦးဘုရား၊ တဂေါင်းဘုရား၊ စက်တော်ရာ ဘုရားများနှင့် အခြားတန်ခိုးကြီးဘုရားများ ဖူးမြော်နိုင်သလို ကန်သုံးဆင့်၊ သာယာသော ပုသိမ်ဆိပ်ကမ်းနှင့် ပုသိမ်အမှတ်(၂) တံတားကြီးတို့ကိုလည်း ကြည့်ရှုလေ့လာနိုင်သည်။

### လေ့လာနိုင်သောနေရာများ

ဘုရားဖူးများသည် မြတ်မော်တင်စွန်းဘုရားအပြင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဖြစ်သော ချောင်းသာ၊ ငွေဆောင်၊ ငွေဆောင်ဆင်စခန်းတို့အပြင် မော်တင်သွားကားလမ်းပေါ်ရှိ ပြုပ်ကောင်းတောင်ရွာမှ ဂေါ်ရင်ဂျီကျွန်းများသို့လည်း ခရီးဆက်နိုင်ကြသည်။

ထို့အပြင် မြတ်မော်တင်စွန်းဘုရားအနီး ကားလမ်းမှ ကံချိုင်၊ ခမောက်မော်ရွာများမှတစ်ဆင့် ဟိုင်းကြီးကျွန်းတံတားကူးကာ ဟိုင်းကြီးကျွန်းမြို့သို့ သွားရောက်လေ့လာနိုင်သေးသည်။ ဟိုင်းကြီးကျွန်းတွင် အလောင်းမင်းတရားကြီးလက်ထက် စိတ်ဝင်စားဖွယ် အထင်ကရနေရာများရှိသည်။ ပင်လယ်ထဲတွင် ခပ်ပျပျမြင်ရသော လိပ်ကျွန်းအပြင် ကျောက်ကလပ်သို့လည်း လေ့လာရေးခရီးဆက်နိုင်သည်။

ထို့အတူ သင်္ဘောခရီးနှင့်လာပါက ဟိုင်းကြီးကျွန်းကို လှမ်းမြင်ရသော မြစ်ဆုံဝန်းကျင်တွင် လင်းပိုင်ကြီးများ အုပ်စုဖွဲ့ ကျက်စားပျော်မြူးနေပုံများကို သင်္ဘောပေါ်မှလည်း လေ့လာတွေ့မြင်နိုင်သည်။ ပင်လယ်ကမ်းခြေများ၏ အလှနှင့်သဘာဝနှင့် ဒေသခံတို့၏ အလုပ်အကိုင်မျိုးစုံကိုလည်း လေ့လာနိုင်သည်။ ထို့ကြောင့် ဘုရားဖူးလာရင်း အထွေထွေဗဟုသုတရှာဖွေလိုသော ပြည်သူများ အနေဖြင့် မတ် ၂ ရက်မှ ၁၆ ရက်အထိ ၁၅ ရက်တာ ကျင်းပမည့် မြတ်မော်တင်ဘုရားပွဲတော်ကြီးသို့ လာရောက်ဖူးမြော်စေလိုကြောင်း "ဖူးစေချင်ညွှန်း မြတ်မော်တင်စွန်း" ဆောင်းပါးဖြင့် ဖိတ်ခေါ်အပ်ပါသည်။ ။

**နှစ်စဉ် ဘုရားပွဲတော်ကို စည်ကားစွာကျင်းပပြီး ပွဲတော်ရက်မှာ တပေါင်းလဆန်း ၁ ရက်နေ့မှ လပြည့်နေ့အထိ ဖြစ်သည်။ ပွဲတော်အတွင်း တည်းခိုနေထိုင်ရန် မျှောတိုင်၊ ဝါးတိုင်၊ သက်ငယ်၊ ဓနိများဖြင့် ဆောက်လုပ်ထားသော တည်းခိုဆောင်များ အစီအရီ ယာယီပေါ်လာသလို ရေချိုးသုံးရန်လည်း အလျှံပယ်ဖန်တီးထားသည်။ ဒေသထွက် သဘာဝခရုခွံများဖြင့် အလှဆင်ထားသော ပုတီး၊ လည်ဆွဲ၊ ကန့်လန့်ကာ၊ ဦးထုပ်၊ ပန်းအိုးများကို ရောင်းချနေသည့် ဈေးတန်းကြီးကိုလည်း တစ်မျှော်တစ်ခေါ် တွေ့ရသည်။ ထို့အတူ အုန်းလက်ခမောက်ကလေးများဆောင်းကာ မော်တင်စွန်းမှ မနီးမဝေးရှိ ငွေတောင်ရေချိုးဆိပ်သို့ သွားရောက်၍ ပင်လယ်ရေချိုးနိုင်သည်**

## မုဒုံမြို့နယ် ကော့ခပုံကျေးရွာတွင် ကုန်ထုတ်လမ်းနှင့် တံတားသုံးစင်းဖောက်လုပ်

**မုဒုံ ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ခပုံကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လယ်စိုက်ဧက ၈၆၃ ဧက အကျိုးပြုမည့် ကုန်ထုတ်လမ်းနှင့် တံတား သုံးစင်းကို ဖောက်လုပ်တည်ဆောက်လျက် ရှိကြောင်း သိရသည်။



မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူများ၏ ဒေသထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများကို ဖောက်လုပ်ပေးလျက်ရှိရာ အဆိုပါ ကုန်ထုတ်လမ်းနှင့် တံတားသုံးစင်းကို ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉၀ ဒသမ ၉ သန်းဖြင့် တင်ဒါ အောင်မြင်ခဲ့သည့် ကုမ္ပဏီများက ကုန်ထုတ်လမ်း ( ၁ မိုင် ၆ ဒသမ ၃ ဖာလုံ x ၁၂ ပေ x ၃ ပေ ၉ လက်မ) ကို လည်းကောင်း၊ ကုန်ထုတ်လမ်းပေါ်ရှိ ( ၁၅ x ၁၅ x ၇) ပေ ကွန်ကရစ် တံတားတစ်စင်း၊ ( ၂၅ x ၁၅ x ၇) ပေ ကွန်ကရစ် တံတား တစ်စင်းနှင့် ရေထုတ်ပြွန် (၆ ပေ ၃ လက်မ x ၂၀ ပေ x ၆ ပေ) တံတားတစ်စင်းကို လည်းကောင်း တည်ဆောက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်သည်။

ယင်း ကုန်ထုတ်လမ်းနှင့် တံတားသုံးစင်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းမှ စတင်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ပြီးစီးသွားပါက ကျေးရွာမှ အိမ်ခြေ ၂၀၀၊ တောင်သူဦးရေ ၁၂၆ ဦးတို့၏ စိုက်ပျိုးမြေ လယ်ဧက ၈၆၃ ဧက အကျိုးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ရန်ကုန်မြို့ ကျောက်တံတား၌ နွေဦးထဲကကဗျာ ပန်းချီပြပွဲပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**


ကိုဗစ်- ၁၉ ရောဂါကာလတွင် ပြည်ပခရီးသွားများမရှိသော်လည်း ပြည်တွင်းမှ ပန်းချီချစ်မြတ်နိုးသူများနှင့် မြန်မာပန်းချီကားများ စုဆောင်းသူ များလာကြကြောင်း ယမန်နေ့က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၃ လမ်း အမှတ်(၁၅၄) ပထမထပ်တွင်



ပြုလုပ်သည့် နွေဦးထဲကကဗျာ ပန်းချီပြပွဲတွင် ပန်းချီဆရာမောင်ဝင်းလှက "ပြည်ပ ခရီးသွားဧည့်သည် မလာပေမယ့် ပြည်တွင်းပဲ အားကိုးနေရတဲ့အတွက် ပန်းချီကားတွေ အဝယ်လိုက်ပါတယ်။ ပြည်ပဧည့်သည်လောက်တော့ ဈေးနှုန်းမရဘူး။ ပန်းချီဆရာတွေအားလုံးက ကြိုးစားနေကြပါတယ်။ ကိုယ်လုပ်စရာရှိတာလုပ်ရမှာပဲ။ ပြည်တွင်းပြည်ပ အရောင်းအဝယ် ကောင်းလာတဲ့ကာလ ပြန်လာမှာပါ"ဟု ပြောသည်။


အဆိုပါပန်းချီပြပွဲလုပ်သည့် စတူဒီယို paradise အဖြစ် နောက်ပိုင်းတွင် ကိုယ်ပိုင်စတူဒီယိုအနေဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပန်းချီပြသရာတွင် ပန်းချီဆရာ ခြောက်ဦးတို့က ကျေးလက်သဘာဝရှုခင်း၊ တိုင်းရင်းသားများ ဝတ်စားဆင်ယင်မှုနှင့် ဈေးရောင်းမှုပုံစံအမျိုးမျိုးတို့ကို ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကားပေါင်း ၅၀ ခန့် ပြသထားကြောင်း သိရသည်။ ယင်းပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**




## မြန်မာ့အလှပြဇာတ်များ

ပြဇာတ်စာပေနှင့် စာအုပ်များ ရှားပါးနေချိန်တွင် အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဇင်မင်း(သမိန်ထော)၏ ပြဇာတ် ၁၆ ပုဒ်ကို စုစည်း၍ မြန်မာ့အလှပြဇာတ်များအဖြစ် ထုတ်ဝေလိုက်သည်။ ဤစာအုပ်တွင် စာပေဂီတအလှ၊ လူမှုစိတ်ထားအလှ၊ ချစ်ကြည်ခြင်းအလှ အစရှိသည့် အလှတရားများကို စင်တင်ကပြနိုင်သော ပြဇာတ်များအဖြစ် လက်ရာမြောက်စွာ ရေးဖွဲ့ ခြယ်မှုန်းထားသည်။ မြန်မာမှု မြန်မာဟန်၊ မြန်မာအသံနှင့် မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးသူများနှင့် ပြဇာတ်စာပေ ရေးနည်းရေးဟန် လေ့လာလိုသူများ အတွက်




များစွာ အကျိုးရှိစေနိုင်သော စာအုပ်ဖြစ်သည်။

ဤစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် တည်ထောင်ခြင်း (၂၃) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေပြီး ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

## ဖိုးထောင် ဇာတ်လမ်းစုံ

စိုးတင့်(ရောဝတီ)၏ ဖိုးထောင် ဇာတ်လမ်းစုံ စာအုပ်သည် သာမန်မိဘနှစ်ပါးမှ မွေးဖွားလာသော ရောဝတီ မြစ်ဝကျွန်းပေါ် သားလေး ဖိုးထောင်၏ ကလေးအရွယ် ငယ်ဘဝ၊ စစ်ရေးစွမ်းရည် ပြည့်ဝသော တပ်မတော်သား အရာရှိ ငယ်ဘဝ၊ မြို့နယ်တစ်မြို့နယ်ကို စီမံအုပ်ချုပ်ကွပ်ကဲရသော လူရွယ်လူလတ်တစ်ဦး၏ ဘဝ၊ ဒုတပ်ရင်းမှူး၊ တပ်ရင်းမှူး ထိုမှတစ်ဆင့် ဌာနကြီးတစ်ခုကို စီမံအုပ်ချုပ်ရသော ဦးဆောင်ညွှန်ကြားရေးမှူး/ ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ ဘဝ အစရှိသော ဘဝမျိုးစုံကို ကျင်လည် ဖြတ်သန်းကာ အငြိမ်းစားယူပြီးသည့် နောက်တွင် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး အဖြစ် ရပ်တည်လျက် ရှိပုံများကို စိတ်ဝင်စားဖွယ်ရာ ရေးဖွဲ့ထားသည်။ လူ့ဘဝတွင် ကြုံတွေ့ရသော အခက်အခဲပြဿနာများ



ကို အေးဆေးတည်ငြိမ်စွာဖြင့် လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ခဲ့ပုံ၊ အောင်မြင်မှု အဆင့်ဆင့်ရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ပုံတို့မှာ လူငယ်လူရွယ်များ အတုယူအားကျဖွယ်ရာပင် ဖြစ်သည်။ အဆိုပါ စာအုပ်ကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် စာအုပ်ဆိုင်ကြီးများတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ဤစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် တည်ထောင်ခြင်း (၂၃) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေပြီး ကျပ် ၇၅၀၀ ဖြင့် ဖြန့်ချိလိုက်သည်။



## ညောင်ဦးမြို့နယ် မြောင်ကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြောင်ကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ပုဂံမြို့ ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဦးသာဂရ ဦးဆောင်မှုဖြင့် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၅ ရက်က အလှူငွေ ၊ စားသောက်ကုန်ပစ္စည်းနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းပေးသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ညောင်ဦးမြို့နယ် မြောင်ကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စု ၇၀ အတွက် အိမ်ထောင်စုတစ်စုလျှင် အလှူငွေကျပ် ၆၈၀၀၀ ၊ ဆန် ၁၅ ပြည် ၊ ခြုံစောင်တစ်ထည် ၊ အဝတ်အထည် ပီနံအိတ်နှစ်လုံး ၊ ဆီ ၊ ကြက်သွန် ၊ ဆား ၊ ပန်းကန်ပြား ၊ ရေနွေးခွက်ဘူး၊ ရေနွေးအိုး ၊ ဒန်အိုး ၊ စတီးဇလုံ ၊ ကတ်ကြေး ၊ ခွား ၊ ခွက်မီး ၊ ဆပ်ပြာ၊ လက်ဖက်ခြောက် စသည့် မီးဖိုချောင်သုံးပစ္စည်းများကို မီးဘေးသင့်ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် မီးဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေကျပ် ငါးသိန်း ၊ ဆန် ၁၀ အိတ် ၊ အဝတ်အထည် ပီနံအိတ် ၂၃ အိတ်ကိုလည်း ကျေးရွာရပ်မိရပ်ဖများထံ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဦးသာဂရက မိန့်ကြား၍ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာတွင် မီးလောင်မှုဖြစ်

**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာတွင် ဖေဖော်ဝါရီ ၂၅ ရက်က မီးလောင်မှုဖြစ်ပွားပြီး လူနေအိမ် လေးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက မီးလောင်မှုဖြစ်ပွားနေကြောင်း ဖုန်းဖြင့်သတင်းပေးပို့ အကူအညီတောင်းခံလာသဖြင့် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သောသန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး ၊ လူမှုရေးအသင်းအဖွဲ့မှ ရေသယ်ယာဉ် တစ်စီးတို့နှင့်အတူ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် ဝိုင်းဝန်း ပူးပေါင်း ငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅၈ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် လူနေအိမ်လေးလုံးဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့် ပတ်သက်၍ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်နယ်မြေရဲစခန်းမှ မီးလောင်မှုဖြစ်စေသူအား အမှုဖွင့်အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများနှင့် လက်နက် / ခဲယမ်းများကို လက်ဝယ်ထားရှိခဲ့သူများကို ပြစ်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ မိုးသီဟ(ဘ)ဦးဇော်မိုးနှင့် စည်သူအောင်(ခ)ငမိုး(ဘ)ဦးမောင်မိုးတို့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ်



အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)အမှုမှ တရားခံ မိုးသီဟနှင့် စည်သူအောင်(ခ)ငမိုး(ဝဲမှယာ)တို့၏ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၁(ဂ)အမှုမှ တရားခံ ပိုင်ပိုင်(ခ)ညီညီပိုင်၏ မှတ်တမ်းဓာတ်ပုံ။

သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ၎င်းတို့အား "ထောင်ဒဏ်တစ်သက် " ပြစ်ဒဏ်ကို အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၀)ရပ်ကွက် ငုဝါမြိုင်လမ်းနေ ပိုင်ပိုင်(ခ)ညီညီပိုင်(ဘ)ဦးကြည်ဝင်းသည် အကြမ်းဖက် သမားများဖြစ်သည့် အောင်မျိုးလွင်(ဘ)ဦးမြ၊ ညိုမင်းထွန်း(ခ)ညိုကြီး(ဘ) ဦးအေးဟန်နှင့် ကျော်စည်သူ(ဘ)ဦးစံထွန်းအောင်တို့မှ လာရောက်အပ်နှံထားသော အကြမ်းဖက်မှုများလုပ်ဆောင်ရာတွင်အသုံးပြုသည့် လက်နက်/ခဲယမ်းများဖြစ်သည့် အီနာဂါရှစ်လုံး၊ လက်လုပ်သေနတ် တစ်လက်၊ ၉ မမ ကျည် ၁၄ တောင့်၊ လက်လုပ်မိုင်း နှစ်လုံး၊ လက်ပစ်ဗုံးတစ်လုံး၊ ဆက်စပ်ပစ္စည်းများအား လက်ဝယ်ထားရှိခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၁(ဂ) အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ၎င်းအား "ထောင်ဒဏ် ၁၀ နှစ်" ပြစ်ဒဏ်ကို အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်နေ ခင်မျိုးဝင်း(ခ)ပုံ့ပုံ့သည် ၎င်းအသုံးပြုသည့် "Shwe Phone" TIKTOK အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ အကောင့်ပိုင်ရှင် (စိစစ်ဆဲ)တို့ အသုံးပြုသည့် "Saw Naung Naung" Facebook အကောင့်နှင့် "Kay Khing" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**


❖ *ကျော့ဖုံးမှ*

ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းအား လိုအပ်သည့် စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ရေး ချဉ်းကပ်စဉ် အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သမားများသည် အရှေ့မြောက်ဘက်နှင့် အနောက်ဘက်သို့ ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်နေရာအား ရှင်းလင်းရှာဖွေခဲ့ရာ PDF အမည်ခံအကြမ်းဖက်သူ အမျိုးသား၊ အမျိုးသမီး အလောင်းအချို့၊ လက်လုပ်သေနတ်မျိုးစုံ ၁၈ လက်၊ လက်လုပ်စိန်ပြောင်းလေးလက်၊ လက်လုပ်လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၄လုံး၊ အမ်-၂၂ ကျည် ၆၈ တောင့်၊ ၉ မမ ကျည် ၃၇ တောင့်နှင့် အခြားဆက်စပ်ပစ္စည်းများ၊ KLUGER အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ SKAT အမျိုးအစား မော်တော်ယာဉ် နှစ်စီး၊ Light Truck အမျိုးအစားမော်တော်ယာဉ် နှစ်စီး၊ SURF အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ ဆိုင်ကယ်မျိုးစုံ ၄၅ စီး၊ Drone တစ်စီး၊ လမ်းလျှောက် စကားပြောစက်များ၊ နိုင်ငံကူးလက်မှတ် ၃၆ အုပ်နှင့် အလျားပေ ၁၀၀၊ အနံပေ ၁၀၀ ရှိ လေ့ကျင့်ရေးကွင်း တစ်ခုတို့ကို သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သည့် ပစ်မှတ်များမဟုတ်သော ဘာသာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် လူနေအိမ်များကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း၊ စခန်းချအခြေပြု အကာအကွယ်ယူတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အဆိုပါရာဇဝတ်မှုများအတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှု နှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုတို့နှင့်အတူ ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ယင်းမာပင်မြို့နယ် ချင်းပုန်းကျေးရွာအတွင်း ခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိဖြစ်စဉ် နေရာပြပုံ။

# လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုနေရာ၌ ကမ္ဘာ့ဘဏ်အကူအညီဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်စတင်


**ဘေရွတ် ဖေဖော်ဝါရီ ၂၆**
ဘေရွတ် ဆိပ်ကမ်းပေါက်ကွဲမှုတွင် ပျက်စီးခဲ့ရသည့် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေစီမံကိန်းကို စတင်လိုက်ပြီဖြစ်ကြောင်း လက်ဘနွန် ဝန်ကြီးချုပ် နာဂျစ် မီကာတီက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောသည်။

အဆိုပါစီမံကိန်းသည် ပျက်စီးသွားသည့် ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့ပေးရန်နှင့် အကူအညီလိုအပ်နေသည့် ပြည်သူများနှင့် သက်ကြီးရွယ်အိုများကို ထောက်ပံ့ပေးရန် ရည်ရွယ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ်က ပြောသည်။ ပြန်လည်ပြုပြင်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ကမ္ဘာ့ဘဏ်အုပ်စု၊ ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂတို့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ လက်ဘနွန်အစိုးရနှင့် လူမှုအဖွဲ့အစည်းတို့သည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် အသေးစားလုပ်ငန်းများနှင့် အကြီးစား လုပ်ငန်းများကို ထောက်ပံ့ပေးရန်အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ ၂၅ သန်း ခွဲဝေချထားပေးပြီး သုံးလအကြာတွင် ယခုလို စီမံကိန်းစတင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက်က ဘေရွတ်ဆိပ်ကမ်းတွင် ပေါက်ကွဲမှုကြီးနှစ်ခု ဖြစ်ပေါ်ခဲ့သည်။ မြို့အစိတ်အပိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး လူပေါင်း ၂၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ လူပေါင်း ၃၀၀၀၀၀ ဝန်းကျင် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းကလည်း ပြန်လည်တည်ဆောက်ရေးအတွက် ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**



၂၀၂၀ ပြည့်နှစ်အတွင်းက ဘေရွတ်မြို့ ဆိပ်ကမ်းပေါက်ကွဲမှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

## ယူကရိန်းနိုင်ငံတွင် အထပ်မြင့်လူနေအဆောက်အအုံ ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီး

**ကီယက်ဗ် ဖေဖော်ဝါရီ ၂၆**
ကီယက်ဗ်မြို့လယ်ရှိ အထပ်မြင့် လူနေအဆောက်အအုံတစ်လုံးမှာ ဒုံးကျည် ထိမှန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၂၆ ရက်က သိရသည်။ ပျက်စီးဆုံးရှုံးမှု သတင်း အချက်အလက်များအပေါ် အခြေခံ၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ဟု ဒေသတွင်း မီဒီယာများတွင် ဖော်ပြကြသည်။ အဆိုပါ အဆောက်အအုံကို ရုရှား ဒုံးကျည်တစ်စင်း ထိမှန်ခဲ့ခြင်းဖြစ်သည်ဟု မီဒီယာများတွင် ဖော်ပြသည်။ ယင်းအဆောက်အအုံမှာ မြို့တော်အလယ် လွတ်လပ်ရေး ရင်ပြင်မှ ငါးကီလိုမီတာအကွာတွင် ရှိသည်။ အဆိုပါ နေရာမှာ လူနေထူထပ်ပြီး ကျောင်းများနှင့် ဟိုတယ်များ ရှိသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးခဲ့ရသည့် အထပ်မြင့်လူနေအဆောက်အအုံကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကိုဗစ်-၁၉ ကန့်သတ်ချက်များအားလုံး ဖြေလျှော့ပေးတော့မည်

နယူးဒေလီ ဖေဖော်ဝါရီ ၂၆
**အိန္ဒိယနိုင်ငံ ဒေလီမြို့အစိုးရသည် ကိုဗစ်-၁၉ ကန့်သတ်ချက်များအားလုံးကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က ကြေညာခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်များအားလုံးကို ဒေလီမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ချမှတ်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုများ ကျဆင်းလာပြီးနောက် ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။**

အခြေအနေများ တိုးတက်ကောင်းမွန် လာသည့်အတွက် ဒေလီမြို့ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ကန့်သတ်ချက်များ အားလုံးကို ဖြေလျှော့ပေးခဲ့ခြင်း ဖြစ်ပြီး ပြည်သူများမှာလည်း အလုပ်အကိုင် ဆုံးရှုံးမှုများကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ဟု ဒေလီမြို့ ဝန်ကြီးချုပ် အာဗင်းကက် ဂျရီဝဲလ်က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

ပါးစပ်၊ နှာခေါင်းစည်း ဝတ်ဆင်ခြင်းမရှိသည့်အတွက် ဒဏ်ငွေတပ်မှုကိုလည်း လျှော့ချပေးရန် ဒေလီမြို့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောသည်။ ညဘက်သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ကိုလည်း ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ အဆုံးသတ်တော့မည် ဖြစ်သည်။ စားသောက်ဆိုင်များ၊ ဈေးဆိုင်များနှင့် အခြားသောစီးပွားရေးလုပ်ငန်းများမှာလည်း ညဘက်အထိ လုပ်ဆောင်ခွင့်ရတော့မည်ဟု သိရသည်။

**ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၈၅၉၇ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဖေဖော်ဝါရီ ၂၆**
စင်ကာပူနိုင်ငံ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၈၅၉၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၆၇၉၇၉၅ ဦး ရှိလာခဲ့သည်။ နောက်ထပ်ကူးစက်ခံရသူများအနက် ပီစီအာ ဆေးစစ်မှုဖြင့် တွေ့ရှိသူ ၃၁၈၆ ဦးရှိပြီး အေအာတီဆေးစစ်မှုဖြင့် တွေ့ရှိသူ ၁၅၄၁၁ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ လက်ရှိ ဆေးရုံတွင် ကုသမှုခံယူနေရသူ ၁၅၈၄ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ၄၆ ဦးရှိသည်။ ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့်သေဆုံးသူ ၁၁ ဦး ထပ်တိုးလာသဖြင့် သေဆုံးသူစုစုပေါင်း ၉၈၆ ဦး ရှိလာပြီဟု သိရသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်း ၇၈၀၀၀ ကျော်အထိ စံချိန်တင်များပြားလာ

**ဟနွိုင်း ဖေဖော်ဝါရီ ၂၆**
ဗီယက်နမ်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၅ ရက်က ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရသူ စံချိန်တင် များပြားခဲ့ပြီး ကူးစက်ခံရသူ ၇၈၇၉၅ ဦး တွေ့ရှိခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၄ ရက်ကမူ နောက်ထပ်ကူးစက်ခံရသူ ၉၆၆၇ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ နောက်ထပ် ကူးစက်ခံရသူများထဲတွင် ဒေသတွင်းကူးစက်ခံရသူဦးရေမှာ ၇၈၇၇၄ ဦးရှိပြီး ပြည်ပမှကူးစက်ခံလာရသူ ဦးရေမှာ ၂၁ ဦးရှိသည်။ ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းမှာ ကိုဗစ်-၁၉ ကူးစက်ခံရသည့် ဗဟိုချက်မနေရာ ဖြစ်နေဆဲဖြစ်ပြီး ဟနွိုင်းမြို့တွင် ဖေဖော်ဝါရီ ၂၅ ရက်က နောက်ထပ်ကူးစက်ခံရသူ ၃၅၆၃ ဦး တွေ့ရှိခဲ့သည်။

**ပြန်လည်ကျန်းမာ**

နောက်ထပ်ကူးစက်မှုများပါ ထည့်ပေါင်းလျှင် စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၃၁၂၀၃၀၁ ဦး ရှိနေပြီး သေဆုံးသူ ၃၉၉၆၂ ဦးအထိ ရှိသည်။ တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူများ၏ ၇၅ ရာခိုင်နှုန်းမှာ ပြန်လည်ကျန်းမာလာကြသည်ဟု သိရသည်။

တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၁၉၂ ဒသမ ၉ သန်း ထိုးနှံပေးနိုင်ခဲ့ပြီး အသက် ၁၈ နှစ်အထက်များကို ကာကွယ်ဆေးအလုံးရေ ၁၇၆ ဒသမ ၁ သန်း ထိုးပေးနိုင်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေမှာ ၃ ဒသမ ၁ သန်း ကျော်ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**



ဗီယက်နမ်နိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

# ပိုမိုပြင်းထန်သည့် တောမီးလောင်မှုများနှင့် ကမ္ဘာကြီးရင်ဆိုင်ရဖွယ်ရှိ

နှင်းမိုးအိမ်

ကမ္ဘာကြီးပူနွေးလာမှုကြောင့် လာမည့်ဆယ်စုနှစ်များအတွင်း တောမီးအကြီးအကျယ်လောင်မှုများ ပေါ်ပေါက်လာမည်ဟု ကုလသမဂ္ဂက ဖေဖော်ဝါရီ ၂၄ ရက်တွင် သတိပေးပြောကြားခဲ့သည်။

**ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်**

တောမီးလောင်မှုများကြောင့် လူသေဆုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအကြီးအကျယ်ပေါ်ပေါက်လာနိုင်ရာ အစိုးရများက လုံလောက်သည့်ပြင်ဆင်မှုများမရှိသေးဟုလည်း ဆက်လက်သတိပေးခဲ့သည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချနိုင်ရေး ရည်မှန်းချက်ကြီးကြီးဖြင့် လုပ်ဆောင်နေကြသော်လည်း ကြောက်မက်ဖွယ်ကောင်းသည့် တောမီးလောင်မှုများကိုမူ လျှော့ချနိုင်မည်မဟုတ်ပေဟု ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ်၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

**လောင်စာသဖွယ်ဖြစ်လာမည်**

ရာစုနှစ်အကုန်ပိုင်းတွင် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ဩစတြေးလျနိုင်ငံ၌ လောင်ခဲ့သည့် တောမီးကဲ့သို့ပင်နောက်ထပ်တောမီးများလောင်နိုင်ခြေ ၃၁ ရာခိုင်နှုန်းမှ ၅၇ ရာခိုင်နှုန်းအထိရှိသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာကြီး၏ အပူရှိန်ကြောင့် သာယာလှပသည့် ရှုမျှော်ခင်းများသည် မီးဖိုကြီးတစ်ခုသဖွယ် အသွင်ပြောင်းလဲသွားနိုင်ပြီး ပိုမိုပြင်းထန်သည့် ရာသီဥတုများကြောင့်လည်း ပူပြင်းခြောက်သွေ့သည့်လေများသည် မီးတောက်များပိုမိုအားကောင်းလာစေရန် လောင်စာသဖွယ်ဖြစ်လာမည်။

**ကာလရှည်ကြာသက်ရောက်မှု**

တောမီးလောင်မှုများသည် နေရာမရွေးဖြစ်ပေါ်လာနိုင်သည်။ တောမီးလာင်မှုမှာ ကောင်းမွန်သည့် အရာမဟုတ်ဟု တောမီးစီမံခန့်ခွဲမှု ကျွမ်းကျင်သူတစ်ဦးဖြစ်သူ ပီတာက ကုလသမဂ္ဂ အစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့အစည်း (အက်ဖ်အေအို )တွင် ပြောကြားခဲ့သည်။ တောမီးလောင်မှုကြောင့် ပြည်သူများအပေါ် အကျိုးသက်ရောက်မှုမှာ လူမှုရေး၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာအရ ကာလရှည်ကြာ သက်ရောက်မှုရှိမည်ဟုလည်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**လူ့အသက်ဆုံးရှုံးမှုများဖြစ်ပေါ်**

တောမီး အကြီးအကျယ်လောင်မှုများကို ရက်အနည်းငယ်၊ သီတင်းပတ်အနည်းငယ်ဖြင့် ငြိမ်းသတ်ပေးနိုင်ခြင်းမရှိဘဲ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ၊ အထူးသဖြင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများတွင် နှလုံးရောဂါများဖြစ်လာစေနိုင်သည်။ တောမီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များနှင့် ထိတွေ့မှုကြောင့် နှစ်စဉ် နိုင်ငံပေါင်း ၄၃ နိုင်ငံမှ



တောမီးလောင်မှုတစ်ခုကို တွေ့ရစဉ်။

- တောမီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များနှင့်ထိတွေ့မှုကြောင့် နှစ်စဉ် နိုင်ငံပေါင်း ၄၃ နိုင်ငံမှ လူပေါင်း ၃၀၀၀၀ ကျော်မှာ အသက်ဆုံးရှုံးရသည်ဟု ဒေတာကောက်ယူမှုများအရ သိရှိရကြောင်း မကြာသေးမီက ဖော်ပြထားသည့် လေ့လာမှုတစ်ခုတွင် တွေ့ရ
- ပြီးခဲ့သည့်နှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တောမီးလောင်မှုကြောင့် ကမ္ဘာကြီးပူနွေးလာစေသည့် ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၂ ဒသမ ၅ ဘီလီယံကျော်ကို ထုတ်လွှတ်ပေးခဲ့သည်ဟု ဥရောပသမဂ္ဂ လေထုစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာအရ သိရ

လူပေါင်း ၃၀၀၀၀ ကျော်မှာ အသက်ဆုံးရှုံးရသည်ဟု ဒေတာကောက်ယူမှုများအရ သိရှိရကြောင်း မကြာသေးမီက ဖော်ပြထားသည့် လေ့လာမှုတစ်ခုတွင် တွေ့ရသည်။

**တွန်းအားပေးသကဲ့သို့ဖြစ်နေ**

တောမီး အကြီးအကျယ်လောင်မှုများကြောင့် တောရိုင်းတိရစ္ဆာန်များအတွက်လည်း အန္တရာယ်ကြီးမားကာ ရှားပါးတိရစ္ဆာန်များကိုလည်း မျိုးသုဉ်းလုနီးနီး အခြေအနေအထိ ရောက်ရှိရန် တွန်းအားပေးသကဲ့သို့ဖြစ်နေသည်။ နို့တိုက်သတ္တဝါ၊ တွားသွား သတ္တဝါ၊ ငှက်နှင့်ဖား ၃ ဘီလီယံနီးပါးမှာ သတ်ဖြတ်ခံရခြင်း သို့မဟုတ် ဒဏ်ရာအနာတရဖြစ်မှုများ ဖြစ်ပွားရသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

**ရာသီဥတုပြောင်းလဲမှုကို ဆိုးရွားစွာဖြစ်ပေါ်စေနိုင်**

ဥပမာ - ဩစတြေးလျတောမီးကြောင့် အကြီးအကျယ် ထိခိုက်ပျက်စီးရသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။ တောမီးလောင်မှုကြောင့် ရာသီဥတုပြောင်းလဲမှုကိုလည်း ဆိုးရွားစွာ ဖြစ်ပေါ်စေနိုင်သည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူလှိုင်း၊ မိုးခေါင်ရေရှားမှုနှင့် အစိုဓာတ်ကျဆင်းလာမှုတို့ကိုဖြစ်လာစေကာ အမေရိကန်ပြည်ထောင်စု အနောက်ပိုင်း၊ ဩစတြေးလျတို့တွင်လည်း တောမီးလောင်မှုဖြစ်ပွားခဲ့သည်။

**အပူချိန်မြင့်တက်လာမှုကိုဖြစ်ပွားစေ**

တောမီးများသည် ရာသီဥတုပြောင်းလဲမှုကို အရှိန်မြှင့်တင်ပေးကာ ပိုမိုဆိုးရွားသော မီးလောင်မှုနှင့် အပူချိန်မြင့်တက်လာမှုတို့ကို ဖြစ်ပွားစေပါသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တောမီးလောင်မှုကြောင့် ကမ္ဘာကြီးပူနွေးလာစေသည့် ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၂ ဒသမ ၅ ဘီလီယံကျော်ကို ထုတ်လွှတ်ပေးခဲ့သည်ဟု ဥရောပသမဂ္ဂ လေထုစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။ ထိပ်တန်းကျွမ်းကျင်သူ ၅၀ဖြင့် ပြုစုထားသော အစီရင်ခံစာအရ ပြဿနာကို မည်သို့ ကိုင်တွယ်ဖြေရှင်းရမည်ကို ပြန်လည်စဉ်းစားရန် တောင်းဆိုထားသည်။

**ဘေးအန္တရာယ်များကို လျှော့ချရမည်**

လက်ရှိအစိုးရ၏ တောမီးစီမံခန့်ခွဲမှုများသည် မှားယွင်းသည့်နေရာများတွင် ငွေကြေးသုံးစွဲနေပြီး ကာကွယ်ခြင်းနှင့် ဘေးအန္တရာယ်လျှော့ချခြင်းနေရာများတွင် သုံးစွဲခြင်းထက် မှားယွင်းသည့် နေရာများတွင် သုံးစွဲမှုမျိုးဖြစ်နေသည်ဟု ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြီးအကဲဖြစ်သူ အင်ဂါ အန်ဒရာဆင်က ပြောသည်။ ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် မီးဘေးကြောင့်ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များကို လျှော့ချရမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ။

**ကိုးကား - အေအက်ဖ်ပီ**

## သက်သာချောင်ချိရေးပစ္စည်းများကို အာဖဂန်မိသားစု ၈၅၀ ကျော် လက်ခံရရှိ

**ကဘူးလ် ဖေဖော်ဝါရီ ၂၆** - အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်တွင် မိသားစု ၈၅၀ ကျော်မှာ သက်သာချောင်ချိရေးပစ္စည်းများ လက်ခံရရှိခဲ့ကြောင်း သိရသည်။ အာဖဂန်ယာယီအစိုးရနှင့် အကူအညီပေးရေးအဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဆောင်းရာသီတွင် ဆင်းရဲဒုက္ခရောက်နေကြသည့် မိသားစုများကို အကူအညီပေးနိုင်ခဲ့ကြောင်း အာဏာပိုင်များက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောသည်။

အာဖဂန်နစ္စတန် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးဌာနက အကူအညီလိုအပ်လျက်ရှိသည့် ပြည်တွင်းပြောင်းရွှေ့နေထိုင်သူ လူ ၆၀၀ ကို သက်သာချောင်ချိရေးပစ္စည်းများ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ပြောသည်။ သက်သာချောင်ချိရေးပစ္စည်းများတွင် ဂျုံဆန်နှင့် အခြားသောအစားအသောက်ပစ္စည်းတို့ပါဝင်သည်။ အာဖဂန်ဗဟိုဘဏ်မှ ပိုင်ဆိုင်သည့် အမေရိကန်ဒေါ်လာ ၉ ဘီလီယံကို ပိတ်ဆို့ခံထားရပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။

**ဆင်ဟွာ**

# ဖေဖော်ဝါရီ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄၀၂ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၆၀ ရှိ

(၂၆–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၇၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၄၀၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁၀.၁၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၇၉,၇၄၅)ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၈၄,၂၃၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၃၅၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၃၂,၂၀၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၆၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၆–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၆၀) ခု | (၁၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၀) ခု | (၁၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၅) ခု | (၄၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်၁၀၀၀) | (၃၅) ခု | (၁၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၈၉) ခု | (၁၈၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၂၂၄) ခု | (၃၈၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၈၈၆) ခု | (၁,၅၇၅) ဦး |
| စုစုပေါင်း | (၂၃,၇၀၁) ခု | (၂,၄၀၂) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၆ - ၂ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၅၃၂၃၀၇ | ၅၂၈၆၆၂၅၀ | ၉၇၂၂၀၀ |
| ၂။ | အိန္ဒိယ | ၄၂၉၀၅၈၄၄ | ၄၂၂၇၀၄၈၂ | ၅၁၃၅၁၂ |
| ၃။ | ဘရာဇီး | ၂၈၆၇၁၁၉၄ | ၂၅၉၉၄၅၆၆ | ၆၄၈၂၆၇ |
| ၄။ | ပြင်သစ် | ၂၂၅၉၃၁၀၉ | ၂၀၄၆၄၉၇၄ | ၁၃၇၉၅၈ |
| ၅။ | ဗြိတိန် | ၁၈၈၀၄၇၆၅ | ၁၇၁၅၃၂၅၃ | ၁၆၁၂၂၄ |
| ၆။ | ရုရှား | ၁၆၁၇၅၀၂၃ | ၁၃၃၂၁၃၁၄ | ၃၅၀၁၅၈ |
| ၇။ | ဂျာမနီ | ၁၄၅၀၄၁၅၁ | ၁၀၇၅၈၅၀၀ | ၁၂၃၁၃၀ |
| ၈။ | တူရကီ | ၁၃၉၁၃၆၂၅ | ၁၃၁၃၃၉၅၅ | ၉၃၈၀၅ |
| ၉။ | အီတလီ | ၁၂၆၉၃၃၂၀ | ၁၁၃၆၃၁၉၀ | ၁၅၄၂၀၆ |
| ၁၀။ | စပိန် | ၁၀၉၇၇၅၂၄ | ၉၁၈၁၇၂၈ | ၉၉၄၁၀ |

## ၂၆-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၅၀၄၄၁၈ | ၄၇၇၈၀၃၉ | ၁၄၇၈၄၄ |
| ဖိလစ်ပိုင် | ၃၆၆၀၀၂၀ | ၃၅၄၉၇၃၅ | ၅၆၃၅၁ |
| မလေးရှား | ၃၃၆၇၈၇၁ | ၃၀၄၀၈၅၀ | ၃၂၅၉၁ |
| ဗီယက်နမ် | ၃၁၂၀၃၀၁ | ၂၃၅၅၆၁၉ | ၃၉၉၆၂ |
| ထိုင်း | ၂၈၄၄၈၉၇ | ၂၆၂၁၀၀၄ | ၂၂၈၅၂ |
| စင်ကာပူ | ၆၇၉၇၉၅ | ၆၁၂၀၁၀ | ၉၈၆ |
| မြန်မာ | ၅၈၄၂၃၉ | ၅၃၂၂၀၂ | ၁၉၃၆၀ |
| လာအို | ၁၄၂၄၇၄ | ၁၄၀၀၉၉ | ၆၂၁ |
| ကမ္ဘောဒီးယား | ၁၂၉၅၄၈ | ၁၂၂၈၇၇ | ၃၀၃၂ |
| ဘရူနိုင်း | ၅၅၄၈၅ | ၂၇၅၂၇ | ၁၁၅ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# မျိုးမှန်မှ အဖိုးတန် အကျိုးမှန်ရမည်

မြင့်မောင်စိုး

**ကမ္ဘာ့ရှေးဦးလူသားများကဲ့သို့ သလေးစပါးကိုသာ နေ့စဉ်နှင့်အမျှ ရှာဖွေစားသောက်ရမည်ဆိုပါက အဘယ်မှာ ဝမ်းဝကြမည်နည်း။ တိုးတက်ပြောင်းလဲလာသော လူနေမှုစနစ်အရ တီထွင်ကြံဆ သုတေသန၊ နည်းပညာတို့ကို အသုံးချတတ်လာကြ၍ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို ရှာဖွေစိုက်ပျိုးလာကြသည်။ လယ်ယာမြေစနစ်ထွန်းကားလာမှုနှင့်အတူ မျိုးကောင်းမျိုးသန့် ရှာဖွေစိုက်ပျိုးရေးမှာလည်း တိုးတက်ပြောင်းလဲလာခဲ့သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေး တိုးတက်ရေးအတွက် သိပ္ပံပညာရှင်များက အပတ်တကုတ် စူးစမ်းရှာဖွေခဲ့ကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အထွက်နှုန်းကောင်းပြီး အနံ့အရသာနှင့်ပြည့်စုံသော သီးနှံမျိုးကောင်းမျိုးသန့်များကို စဉ်ဆက်မပြတ်သုတေသနပြု ရှာဖွေခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ယနေ့ခေတ်တွင် ကမ္ဘာ့လူဦးရေတိုးတက်လာမှုကိုကာမိစေရန် စားရေရိက္ခာများ ကမ္ဘာ့နိုင်ငံအသီးသီးက တစ်နှစ်ထက် တစ်နှစ် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်နေကြခြင်းဖြစ်သည်။**

### မျိုးကောင်းမျိုးသန့်နှင့် ရေမြေရာသီဥတု

စိုက်ပျိုးရေးလုပ်သည်ဖြစ်စေ၊ မွေးမြူရေးလုပ်သည်ဖြစ်စေ မျိုးကောင်းမျိုးသန့် ရွေးချယ်ခြင်းသည် ပထမဆုံးအရေးကြီးသော အချက်ဖြစ်သည်။ ထိုသို့မျိုးကောင်းမျိုးသန့် ရွေးချယ်နိုင်ရုံမျှဖြင့် စိုက်ရေးပျိုးရေး၊ မွေးမြူရေးတို့မှာ တထစ်ချ အောင်မြင်လိမ့်မည်ဟု မဆိုနိုင်ပါ။ သီးပင်၊ စားပင်ဖြစ်စေ၊ ပန်းမန်ဖြစ်စေ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်စေခြင်းငှာ လုံလောက်သော စိုက်ပျိုးရေရှိဖို့လိုသည်။ ထို့နောက် အပင်တစ်ပင် ကောင်းစွာရှင်သန်ကြီးထွားစေရန် မြေဆီမြေနှစ်ကောင်းသော မြေအမျိုးအစား၊ လေကောင်းလေသန့်နှင့် နေရောင်ခြည် ကောင်းစွာရရှိရန် လိုအပ်ပေလိမ့်မည်။ အတိုချုံးပြောရလျှင် အပင်တစ်ပင် ကောင်းစွာဖြစ်ထွန်း၍ သီးပွင့်စေခြင်းငှာ မျိုးကောင်းမျိုးသန့်နှင့်ရေမြေ ရာသီဥတု ညီညွတ်မျှတစွာ စိုက်ပျိုးလုပ်ကိုင်ကြမှသာ အောင်မြင်မှုကိုရရှိနိုင်မည်ဖြစ်ပါသည်။

စိုက်ပျိုးရေးထုတ်ကုန်တစ်မျိုးသည် အဓိကအားဖြင့် အထွက်နှုန်းကောင်းရမည်ဖြစ်သည်။ ထို့နောက် စားသုံးမှုအရည်အသွေးကောင်းရမည်၊ ဈေးကွက်ဝယ်လိုအားကောင်းရမည် ဖြစ်သည်။ သို့မှသာ အမြောက်အမြားထုတ်လုပ်၍ ဈေးကွက်အလားအလာကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဆန်စပါးစိုက်ပျိုးသည်ဆိုကြပါစို့။ ထိုဆန်စပါးသည် အထွက်နှုန်းကောင်းရမည်၊ စားသုံးမှုအရည်အသွေးကောင်းမွန်ရမည်၊ ဈေးကွက်ဝယ်လိုအား လူကြိုက်များရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တစ်ချိန်က မြန်မာနိုင်ငံတွင် ငစိန်နှင့်ရာကျော်စပါးကို အဓိကထားစိုက်ပျိုးရာမှ ယခုအခါ ဆန်သားပျော့ပျော့ပြောင်းပြောင်းရှိသော ဆန်မွှေးစပါးများ စိုက်ပျိုးလာကြသည်။ စားလို့လည်း ကောင်း၊ အထွက်နှုန်းလည်း ကောင်း၊ ဈေးကွက်ဝယ်လိုအားလည်းရှိသော ပုသိမ်ပေါ်ဆန်းမွှေး၊ ဖျာပုံပေါ်ဆန်းမွှေး၊ ရွှေဘို ပေါ်ဆန်းမွှေး စသည်ဖြင့် စိုက်ပျိုးလာကြ၏။ စပါးကဲ့သို့ အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ကိုလည်း မျိုးကောင်းမျိုးသန့်ရွေးချယ်၍ စိုက်ပျိုးလာကြသည်။ မည်သည့်သီးနှံမဆို မျိုးကောင်းမျိုးသန့်ဖြစ်ခြင်းကြောင့် ကြီးထွားနှုန်းကောင်းပြီး အထွက်နှုန်းလည်း ကောင်းခြင်းဖြစ်သည်။ အချို့သော သီးနှံမျိုးစေ့များသည် ကြီးထွားနှုန်းကောင်းသော်လည်း အထွက်နှုန်းမကောင်းပေ။ ဥပမာအားဖြင့် ဝါစိုက်ခင်းတစ်ခင်းသည် အရွက်ဖားဖား စိမ်းစိမ်းစိုစို



လွှတ်ကျောင်းစနစ်ဖြင့် နွားကျောင်းလျက်ရှိသည်ကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ တွေ့ရစဉ်။

နှင့် ကြီးထွားဖြစ်ထွန်းနေသော်လည်း အမှန်တကယ် အသီးအပွင့်အားနည်းသဖြင့် ဝါပေါက်ထွက်ရှိမှုမကောင်းပေ။ အပင်ကြီးထွားဖြစ်ထွန်းမှုအားကောင်းသလို ဝါသီးဝါပေါက် အထွက်နှုန်းကောင်းမှသာ မျိုးကောင်းမျိုးသန့်ဟုဆိုထိုက်ပေသည်။ ထို့ကြောင့် မျိုးကောင်းမျိုးသန့် ဟူသော အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အလွန်နက်ရှိုင်း ကျယ်ပြန့်သည်ကို သတိပြုမိသည်။

### ပြပွဲကြီးနှစ်ခု

မကြာသေးမီက နေပြည်တော်၌ မွေးမြူရေး၊ စိုက်ပျိုးရေးတို့နှင့် ပတ်သက်သော အဓိကပြပွဲကြီးနှစ်ခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ဦးရွက်ပြု၍ ကျင်းပခဲ့သည်ကို သတိပြုမိသည်။ ထိုပြပွဲကြီးနှစ်ခုစလုံးသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်နေကြသော တောင်သူလယ်သမားဦးကြီးများအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်၍ မွေးမြူရေးနှင့် စိုက်ပျိုးရေးကို လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း မီးမောင်းထိုးပြထားခြင်းဖြစ်သည်။ သမားရိုးကျ စိုက်ပျိုးခြင်း၊ မွေးမြူခြင်းထက် အကျိုးကျေးဇူးများသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုး မွေးမြူခြင်းကို ခေတ်စနစ်နှင့်ညီအောင် တိုးတက်ပြောင်းလဲဆောင်ရွက်သင့်ကြောင်း အသိပေးထားခြင်းဖြစ်သည်။

### မျိုးစေ့ပြပွဲ ၂၀၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022)ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဦးစီးဌာနများရှိ သုတေသနခြံများ၊ မျိုးသန့်မျိုးပွားခြံများမှ ထုတ်လုပ်ထားသော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံ မျိုးစေ့၊ ပျိုးပင်၊ ပြခန်းပြကွက်များနှင့် စိုက်ခင်းများစုံလင်စွာခင်းကျင်းပြသခဲ့သည်။ ယင်းပြပွဲသည် စတုတ္ထအကြိမ်မြောက် ခင်းကျင်းပြသခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

### မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး

တောင်သူဦးကြီးများအနေဖြင့် မိမိတို့လယ်ယာလုပ်ငန်းခွင်တိုးတက်အောင်မြင်ရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးကို အလေးအနက်ထားဆောင်ရွက်ကြရန် အသိပေးလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် ထိုမျိုးကောင်းမျိုးသန့် မျိုးစေ့များကို ဘယ်လိုချိတ်ဆက်ရယူရမည်၊ ဘယ်လိုစိုက်ပျိုးရမည်၊ ဘယ်လိုရိတ်သိမ်းရမည်၊ ဘယ်လိုဈေးကွက်တင်ပို့ရမည် စသည်ဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် အင်တိုက်အားတိုက် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မျိုးကောင်းမျိုးသန့် (ဝါ) မျိုးစေ့ သို့မဟုတ် ပျိုးပင်တို့ကို ရွေးချယ်စိုက်ပျိုးသည့် အလေ့အကျင့်ကောင်းကို စိုက်ပျိုးသူတောင်သူများအကြား စဉ်ဆက်မပြတ် ရှင်သန်နေအောင် ဆက်လက်ကြိုးပမ်းကြရဦးမည် ဖြစ်ပါသည်။ တစ်ဧက တင်း ၅၀၊ ၆၀ သာ ထွက်သော စပါးထက် တစ်ဧကတင်း ၉၀၊ ၁၀၀ ထွက်သော စပါးမျိုးကို ပြောင်းလဲစိုက်ပျိုးနိုင်ရမည်။ တရုတ်နှင့် ထိုင်းတို့မှ တင်သွင်းနေရသော ပန်းသီးမျိုးကို ချင်းတောင်ဒေသတွင် စိုက်ပျိုးသင့်သည်။ ထို့အတူ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ကိုလည်း အထွက်နည်းသည့် မိရိုးဖလာမျိုးများကို စိုက်ပျိုးခြင်းမပြုတော့ဘဲ အထွက်နှုန်းကောင်းသောမျိုးများကို ပြောင်းလဲစိုက်ပျိုးရမည့် အချိန်တစ်ခုသို့ ရောက်ရှိလာပြီဖြစ်သည်။

ဆက်လက်ပြီး မွေးမြူရေးနှင့်ပတ်သက်၍လည်း အလျဉ်းသင့်၍ တင်ပြလိုပါသည်။ မွေးမြူရေးသည်လည်း မျိုးကောင်းမျိုးသန့် ရွေးချယ်မွေးမြူရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ဝက်မွေးသည်ဆိုပါစို့။ မွေးမြူသောဝက်အမျိုးအစားသည် အကောင်ကြီးထွားမှုကောင်းရမည်၊ သားပေါက်နှုန်းကောင်းရမည်၊ ရာသီဥတုဒဏ်ခံနိုင်ရမည်ဖြစ်ပါသည်။ သို့မှသာ မွေးမြူသူများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။ ထိုနည်းလည်းကောင်း ကျွဲ၊ နွား၊ ဆိတ်၊ သိုးအစရှိသဖြင့် မွေးမြူသောတိရစ္ဆာန်များကို မျိုးကောင်းမျိုးသန့် ရွေးချယ်မွေးမြူခြင်းဖြင့် ပိုမိုအကျိုးရှိမည်ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် ဘူးသီးတောင်၊ မောင်တောဒေသသို့ သတင်းကိစ္စဖြင့် ရောက်ဖူးပါသည်။ လယ်ကွင်းများတွင် တွေ့ရသော နွားများမှာ အထက်အညာဒေသ၌ တွေ့ရသောနွားများထက် အကောင်သေးနေသည်ကို သတိပြုမိပါသည်။ ကြီးထွားမှုအားကောင်းသော နွားမျိုးများ ပြောင်းလဲမွေးမြူရမည့် သဘောဖြစ်ပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ကိုင်ရာတွင်လည်း မျိုးကောင်းမျိုးသန့်ရွေးချယ်၍ မွေးမြူသင့်ကြောင်း အောက်ဖော်ပြပါပြပွဲကြီးက အသိပေးထားပါသည်။

### မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ၂၀၂၂ ခုနှစ် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက် မှ ၃၀ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းကျေးရွာအနီး စက်စက်ယိုကွင်း၌ ကျင်းပခဲ့ရာ ပြခန်းပေါင်း ၁၄၅ ခန်းတွင် မျိုးကောင်းမျိုးသန့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် အစရှိသဖြင့် တိရစ္ဆာန်များကို ပြသယှဉ်ပြိုင်စေခဲ့သည်။ အသားတိုး၊ နို့စား၊ အလှမွေး၊ ခိုင်းနွား စသည်ဖြင့် ပြသယှဉ်ပြိုင်ကြရာ မွေးမြူရေးတောင်သူများအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ် မွေးမြူနိုင်စေရန်အထောက်အပံ့ကောင်း ပြပွဲပြိုင်ပွဲကြီးတစ်ရပ်ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် မွေးမြူရေးတိရစ္ဆာန်အမျိုးမျိုးရှိကြသော်လည်း အဓိကအားဖြင့် နွားနှင့် ဆိတ်ကို အများဆုံးမွေးမြူကြလေ့ရှိပါသည်။ မွေးမြူပုံမှာ စားကျက်မြေတွင် အုပ်စုလိုက် လွှတ်ကျောင်းကြလေ့ရှိပါသည်။ နွားကျောင်းခြင်း၊ ဆိတ်ကျောင်းခြင်းဓလေ့သည် ရှေးအခါမှ ယနေ့ခေတ်တိုင်တွေ့ရလေ့ရှိပါသည်။ ရာနှင့်ချီသော နွားအုပ်ကြီးများ၊ ဆိတ်အုပ်ကြီးများကို မကြာခဏ တွေ့ရလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် နွား၊ ဆိတ်၊ သိုးတို့ကို တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မ မွေးမြူသောဒေသများမှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ပင်ဖြစ်သည်။ ထို့ကြောင့် နွားမျိုးကောင်းများထွက်ရှိရာဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည်ကိုတွေ့ရသည်။ အခြားသောတိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း အနည်းနှင့်အများ မွေးမြူကြပါသည်။ *စာမျက်နှာ ၁၇ သို့*

**"မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ဘယ်လိုချိတ်ဆက်ရယူရမည်၊ ဘယ်လိုစိုက်ပျိုးရမည်၊ ဘယ်လိုရိတ်သိမ်းရမည်၊ ဘယ်လို ဈေးကွက်တင်ပို့ရမည် စသည်ဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် အင်တိုက်အားတိုက် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မျိုးကောင်းမျိုးသန့် (ဝါ) မျိုးစေ့ သို့မဟုတ် ပျိုးပင်တို့ကို ရွေးချယ်စိုက်ပျိုးသည့် အလေ့အကျင့်ကောင်းကို စိုက်ပျိုးသူတောင်သူများအကြား စဉ်ဆက်မပြတ် ရှင်သန်နေအောင် ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်"**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဆုတောင်းပြည့်ကျောင်းတိုက်နှင့် ရန်အောင်မြင်ကျောင်းတိုက်တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ဓမ္မဂုဏ်ရည်ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ရွှေကျောင်းပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာရှိ ဘုရားကြီးကျောင်းတိုက်၊ ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ မဟာသုမနာရာမကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဝိဇယကာရီကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ ကြောင်ဖြူကွင်း ဘုန်းတော်ကြီးကျောင်းတိုက်၊ ဂွမြို့နယ် မြို့ဦးတောင်ပေါ်ဘုန်းတော်ကြီးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ဝေဝေကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရပ်ကွက် မဟာသုဒဿနရာမဘုန်းတော်ကြီးကျောင်း၊ ပေါင်းတည်မြို့နယ် သဖန်းချိုကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက စားနပ်ရိက္ခာ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
နယ်စပ်ရေးရာဝန်ကြီး ဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများကို ဘုန်းတော်ကြီး ကျောင်းများရှိ ရဟန်း သာမဏေများအတွက် ဆပ်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းလတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့ပတ်လမ်း ရပ်ကွက်(၃)ရှိ ဓမ္မရက္ခိတ သီလရှင်စာသင်တိုက်တွင် သီတင်းသုံးနေသော စာသင်သား သီလရှင်အပါး ၇၀ အတွက် ဆွမ်းဆန်တော်အခက်အခဲမရှိစေရန် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)၊ အဖွဲ့ဝင်-၁ ဒုတိယဗိုလ်မှူးကြီး ကြည်မင်းသိန်း၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် ရုံးဝန်ထမ်းများက ဆွမ်းဆန် ရှစ်အိတ်၊ ဆီ ၁၁ ပိဿာ၊ ကုလားပဲ ၁၈ ပိဿာစသည့် လှူဒါန်းဖွယ် ထောက်ပံ့ပစ္စည်းများကို နာယကဆရာကြီး ဒေါ်ကဥ္စနထေရီထံသို့ ထောက်ပံ့ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆** – ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ မိုင်းယန်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*
မြန်မာနိုင်ငံအောက်ပိုင်းဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးတွင် မိုးများဒေသဖြစ်ခြင်းကြောင့် နွားထက် ကျွဲကိုပို၍မွေးမြူကြလေ့ရှိပါသည်။ ကျွဲနှင့် ထွန်ယက် လုပ်ကိုင်ကြသည့်အလျောက် ကျွဲကို မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် တွေ့ရမှုများသည်။ နွားနောက်ကိုမူ ကချင်ပြည်နယ်၊ ချင်းပြည်နယ် တောင်တန်းဒေသများ၌ မွေးမြူမှု များပြားသည်။ တောင်ယာလုပ်ငန်းသုံးကျွဲ၊ နွားများကိုဒေသအလိုက် မွေးမြူလျက်ရှိသည်ကို တွေ့ရပါသည်။ ကျွဲနှင့်နွားကို တောင်သူလုပ်ငန်းခွင်အသုံးပြုရန်အတွက်သာ အဓိက မွေးမြူကြလေ့ရှိပါသည်။ အသားစားသီးသန့် မွေးမြူမှုမှာ အလွန်ရှားသည်။

သို့သော် မကြာသေးသည့်နှစ်များက အိမ်နီးချင်း တရုတ်နိုင်ငံ၌ အမဲသားစားသုံးမှု အတော်လေး များပြားလာသည်။ အထူးသဖြင့် အမဲစွပ်ပြုတ်ကို မိသားစုထမင်းဝိုင်းမှသည် ဟိုတယ်ကြီးများအထိ တွေ့ရသည်။ ထို့ကြောင့်လည်း မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ နွားနှင့် ဆိတ်တင်ပို့မှုများပြားလာသည်။ သို့သော် မူဆယ်တွင် တိရစ္ဆာန်များကို ကျန်းမာရေး အသေအချာစစ်ဆေးပြီးမှ တင်ပို့ကြလေ့ရှိသည်။ ထို့ကြောင့် နွားနှင့်ဆိတ်ဈေးကွက်သည် မြန်မာနိုင်ငံနှင့် နီးကပ်စွာရှိနေသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ ထိုအချက်ကို အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် အမိအရဆုပ်ကိုင်၍ နွားနှင့်ဆိတ်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ခေတ်မီစီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားကြမည်ဆိုလျှင် ဝင်ငွေကောင်းရရှိမည်မှာအသေအချာပင်ဖြစ်ပါသည်။ အထူးသဖြင့် နွားမွေးမြူ ထုတ်လုပ်တင်ပို့ရေးကို အရှိန်အဟုန်ဖြင့် စီးပွားဖြစ် လုပ်ကိုင်သင့်သောအချိန်ဖြစ်ပါသည်။ နွားဈေးကွက်ကြီးသည် လက်တစ်ကမ်းတွင်ရှိပါသည်။ နွားမွေးမြူရေးကို အရှိန်အဟုန်မြှင့်တင်လုပ်ကိုင်သင့်သော အချိန်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းအရ နွားကောင်ရေ ၈ ဒသမ ၈ သန်း၊ နို့စားနွားကောင်ရေ ငါးသောင်းကျော်၊ နွားနောက်ကောင်ရေ ငါးသောင်းကျော်၊ ကျွဲကောင်ရေ ၁ ဒသမ ၆ သန်းကျော်ရှိပြီး စုစုပေါင်း ကျွဲ၊ နွားကောင်ရေ ၁၀ ဒသမ ၆ သန်းကျော် ရှိကြောင်း သိရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် စိုက်ပျိုးရေး လုပ်ကိုင်သည်ဖြစ်စေ၊ မွေးမြူရေးလုပ်ကိုင်သည်ဖြစ်စေ မျိုးကောင်းမျိုးသန့် ရွေးချယ်ရေးသည် မရှိမဖြစ် လိုအပ်လာပါသည်။ မျိုးကောင်းမျိုးသန့် ရွေးချယ် လုပ်ကိုင်ခြင်းဖြင့် အထွက်နှုန်းကောင်း၍ ဝင်ငွေစီးပွား တိုးတက်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေ ၅၅ သန်းခန့်ရှိပါသည်။ ထိုအထဲတွင် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ ပြည်သူများဖြစ်ပါသည်။ တစ်နည်းအားဖြင့် ၃၈ သန်းသောပြည်သူများသည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကို လုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပါသည်။ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဆင့်မြင့်မားစွာ လုပ်ကိုင်နိုင်ရေးဖြစ်ပါသည်။ ထို့ကြောင့် မျိုးကောင်းမျိုးသန့်ရွေးချယ်၍ စိုက်ပျိုးခြင်း၊ မွေးမြူကြခြင်းဖြင့် အထွက်နှုန်းကောင်းပြီး လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

# အင်္ဂမအကြိမ် ပြည်နယ်သံဃနာယကအဖွဲ့များ ပြန်လည်ရွေးချယ်ခြင်းဆိုင်ရာအစည်းအဝေးကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**

အင်္ဂမအကြိမ် ပြည်နယ်/ မြို့နယ်သံဃနာယက အဖွဲ့များအနားယူခြင်း၊ ပြန်လည်ရွေးချယ်ခြင်းဆိုင်ရာ ပြည်နယ်/မြို့နယ် သံဃဝန်ဆောင်အစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီက တောင်ကြီးမြို့သိမ်တောင်ပရိယတ္တိစာသင်တိုက်၌ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မိုင်းသောက်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသအား တင်မြှောက်ပြီး အခမ်းအနားကို ဆရာတော် သံဃာတော်၊ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို စတင်ကာ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ပြည်နယ်သံဃဝန်ဆောင် ဆရာတော်များ၏ အရည်အတွက်ကို နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌက ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်ကြောင်း ကြေညာ၍ အစည်းအဝေးအဖွင့် ဩဝါဒကထာ မြွက်ကြားပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နိုင်ငံတော်သံဃနာယကဆရာတော်နှင့် ဗဟိုဝန်ဆောင် ဆရာတော်သုံးပါးအား နဝကမအလှူငွေများကို ပြည်နယ်ဝန်ကြီးချုပ်မှ ဆက်ကပ်ပေး၍ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မိုင်းသောက်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသက အနားယူခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အရ အနားယူသော ဆရာတော်၏ဘွဲ့ အမည်စာရင်းကိုကြေညာပြီး ပြန်လည်ရွေးချယ်နိုင်ရန်အတွက် မူလသတ်မှတ်ထားသည့် သက်ဆိုင်ရာနယ်မြေအလိုက် အမည်စာရင်းတင်သွင်းမည့် အဆိုရှင် ပြည်နယ်သံဃဝန်ဆောင် ဆရာတော်ကို ဖိတ်ခေါ်၍ ယင်းအဆိုကို သက်ဆိုင်ရာ နယ်မြေအလိုက် ထောက်ခံမည့် ပြည်နယ်သံဃဝန်ဆောင်ဆရာတော်ကို ဖိတ်ခေါ်ကာ သဘာပတိဆရာတော်က ပြန်လည်ရွေးချယ်ခံရသည့် ပြည်နယ်သံဃနာယက ဆရာတော်ဘွဲ့အမည်စာရင်းကို ပြည်နယ်သံဃဝန်ဆောင် အစည်းအဝေးသို့တင်သွင်းပြီး သာဓုသုံးကြိမ်ခေါ်၍ အတည်ပြုပေးကြပြီး သဘာပတိဆရာတော် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်ဩဝါဒကထာမြွက်ကြား၍ ပြည်နယ်သံဃနာယကအဖွဲ့ဝင်များ ပြည်လည်ရွေးချယ်ခြင်း အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။




**မောင်မောင်သန်း (တောင်ကြီး)**




# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် (၁၄)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ၂၈ မြို့နယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ၂၈ မြို့နယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားပရိသတ်များ တက်ရောက်ကြပြီး အမရပူရမြို့နယ်အသင်းနှင့် သာစည်မြို့နယ်အသင်း ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် အမရပူရမြို့နယ်နှင့် သာစည်မြို့နယ်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ အမရပူရမြို့နယ်အသင်းက သာစည်မြို့နယ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပထမဆုရ အမရပူရမြို့နယ်အသင်းအား ပထမ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုငွေကျပ်သိန်း ၂၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ဒုတိယဆုရ သာစည်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၀ သိန်း၊ ပူးတွဲတတိယဆုရ ပျော်ဘွယ်မြို့နယ်နှင့် တောင်သာမြို့နယ် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ဆုငွေကျပ်ငါးသိန်းစီနှင့် အကောင်းဆုံးအားကစားသမားများ အတွက် တစ်ဦးချင်းဆုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများက ပေးအပ်ချီးမြှင့်ခဲ့သည်။

မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၁၄ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ၂၈ မြို့နယ်လူငယ်ဘောလုံး ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ကျင်းပခဲ့ရာ မြို့နယ် ၂၈ မြို့နယ်မှ ၂၈ သင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး အားကစားသမားများအတွက် အားကစားဝတ်စုံများ၊ သွားလာရေး၊ တည်းခိုနေထိုင်စားသောက်ရေးများအား ငွေကျပ်သိန်း ၆၀၀ ခန့် ကုန်ကျဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ် အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒေသခံပြည်သူ ၄၂၀၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၅၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၃၈၄ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ် ၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၆၆၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၇၇၁၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၀၄ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၂-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရှ်ကသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဟုဆိုရာဝယ်
၀၈:၄၅ တရုတ်ကာတွန်း 'ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၅၂)
၀၉:၄၀ MRTV Travelogue
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၄၀ 'ဆောင်းအစီချစ်သူဆီ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၂:၃၀ This Week's Special Interest
၁၃:၁၅ အသိပညာနှင့်အမှန်တရား
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'စိမ်းနဲ့တေဇ' (ကျော်ဟိန်း၊ ဆွေဇင်ထိုက်)
၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၂၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတစေပြာသီရိဂေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၆၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ ဘဝနှင့်အနုပညာ
၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း 'တံခါးမှူး ဒုတ္တသို့တစ်ခြင်း'

**mitv**

07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
07:08 Great Shwedagon - The Historic Bells
07:21 Cultural Diversity & Celebrations: Myaung Zee New Year Festival
07:27 Let's go to….Natural Paradise
08:01 Myanmar Social & Charitable Association (EP-3) (Part-1)
08:26 Today Myanmar: The Handicraft Businesses in Myinkaba Villag
08:35 Tobacco Pipe Making Business (Ywar Lut Village)
08:41 The Banjoist
09:01 News
09:26 Global Partnership for Brighter Future: Palau Pavilion at Expo 2020 Dubai
09:35 The Efficacy of Myanmar Traditional Medicine
10:01 Sai Ye Kwan

**MRTV NRC**

**ပကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ် (အပိုင်း-၃)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း (အပိုင်း-၂)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၈)
**ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၄)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဈေးကွက်ဝင်ငရုတ်ပင်စိုက်ပျိုးနည်း
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၆)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
မွေခံထိုက်သူ (ပညာပေးဇာတ်လမ်း)
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
မြေဩဇာပြုလုပ်နည်း
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
မြန်မာ့မြေပုစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (ကချင်ဝတ်အုပ်ချောင်းနှင့်ငှက်ပျောစိုက်ခင်း)
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားဖက်ရှင်ရှိုး

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၁၅ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၃:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
၁၃:၁၅ ရာဇဝင်ထဲကသမိုင်းအနုပညာ
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ သုတဝေစည်တောင်သူဆီ
၀၇:၀၀ စိုက်ပျိုးရေးရာ အဖြေရှာ
၀၇:၁၅ မွေးမြူရေးကဏ္ဍမြင့်မားဖို့ငါးဆေးထိုး သားဖောက်နည်းနှင့်ထုတ်လုပ်မွေးမြူစို့
၀၈:၂၀ ဂျုံစိုက်မြေသို့ခရီးတစ်ခေါက်
၀၉:၄၅ အောင်မြင်နေသောစီမံကိန်း မြန်မာဆယ်မားအူးလ်အွန်နုန်

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ဝနေ့တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၆-၂-၂၀၂၂) ညနေ ၆ နာရီအထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | Injection-Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်၌ ရန်ကုန် ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၂၁ မျိုး စုစုပေါင်း ၅၇၉၄ ဒသမ ၃၀၀ KG တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆-၂-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၁၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၉၀/၁၇၃၀ ကျပ် | ၁၇၃၀/၁၇၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၇၀၀/၁၇၄၀ ကျပ် | ၁၇၅၀/၁၇၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၈၀/၁၇၅၅ ကျပ် | ၁၇၆၅/၁၈၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၆၀/၁၈၂၀ ကျပ် | ၁၈၈၀/၁၉၁၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၈၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၂ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄. ၆၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၂ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၅၆၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၆၄၀ | ၅၁၈၄၀၀၀ |
| MTSH | ၂၉၀၀ | ၃၀၀၀ | ၆၀၁ | ၁၇၄၃၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၀ | ၁၅၆၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၂၀ | ၃၈၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၃၄ | ၈၈၄၀၀ |
| EFR | ၂၈၀၀ | ၂၈၀၀ | ၆၈ | ၁၉၀၄၀၀ |
| AHP | ၄၉၀၀ | ၅၂၀၀ | ၅၅ | ၂၇၁၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရေအရည်အသွေးမြှင့်တင်ဖို့ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်စို့

မေယု–မျိုးအောင်(MANA)

**ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံး ဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်ရန် မလွယ်ကူသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အဓိကအခန်းကဏ္ဍ၌ ပါဝင်နေသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားသော်လည်း လူသားများအသုံးပြုနိုင်သောသန့်စင်သည့် ရေပမာဏမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေမရရှိနိုင်သေးသည့်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိနေသည်။ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည်လည်း ကောင်းမွန်သည့် မိလ္လာစနစ်နှင့် အလှမ်းဝေးနေဆဲဖြစ်သည့်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၁၈ မှ၂၀၂၈ ခုနှစ်အထိကို ရေဆိုင်ရာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆယ်စုနှစ်အဖြစ် သတ်မှတ်ထားသည်။**

### တန်ဖိုးကြီးမားလှသည့်ရေ

ကမ္ဘာကြီးမှာ ကိန်းဂဏန်းအရ ရေထုသည် ကုဗမိုင် ၃၃၂ ဒသမ ၅ သန်း ခန့်မပြောင်းမလွဲတည်ရှိနေသည်။ ကမ္ဘာ့လူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲတိုးတက်လာနေသောကြောင့် ရေသုံးစွဲမှုမှာလည်း မုချမသွေတိုးလာမည်မှာမလွဲပါ။ ကမ္ဘာ့လူဦးရေသည် သန်း ၇၈၀၀ ကျော်ရှိပြီ ဖြစ်သည်။ ရေသုံးစွဲမှုမှာ ယခင်နှစ် ၄၀ ကထက် တစ်နှစ်လျှင် တစ်ရာခိုင်နှုန်းတိုးလာနေသည်ကို သိမှတ်ရသည်။ ရေသည် အသက်ရှင်ရပ်တည်ရေးအတွက် အဓိကဖြစ်သဖြင့် အစဉ်အမြဲလိုအပ်နေမည်မှာ မုချအမှန်သာဖြစ်ပေသည်။ တန်ဖိုးကြီးမားလှသည့်ရေကို ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှသာလျှင် ရေအရင်းအမြစ်များ မပျောက်မပျက်ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ တန်ဖိုးကြီးမားလှသည့်ရေအတွက် နှစ်စဉ်ပဋိပက္ခများ တဖြည်းဖြည်းတိုးပြီးဖြစ်လာခဲ့ရာ ၂၀၁၈ ခုနှစ်၌ပင် ၂၆၄ ကြိမ် ဖြစ်ပွားခဲ့သည်ကို သိရှိရသည်။ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများက ဦးစီးလျက် ရေအရင်းအမြစ်ကို ထိန်းသိမ်းနိုင်မည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကို ကာကွယ်နိုင်ရန် ဖန်လုံအိမ်အာနိသင်လျှော့ချရေး၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်နေရသည်။

### သဘာဝဘေးဒဏ်များ

ကမ္ဘာကြီးပူနွေးလာမှု၊ သစ်တောပြုန်းတီးမှု၊ တောတောင်ပြုန်းတီးမှု၊ အဖိုးတန်ဓာတ်သတ္တုများ အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ မြေအောက်ရေကို အလွန်အကျွံထုတ်ယူသုံးစွဲမှု အစရှိသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သော အပြုအမူလုပ်ရပ်များကြောင့် နောက်ဆက်တွဲ ကြုံတွေ့လာရသည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့လာနေရပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲဖောက်ပြန်လာမှုများကြောင့် စိုက်ပျိုးရေးကို အဓိကအားထား လုပ်ကိုင်နေကြရသည့် ဒေသကြီးများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်းအစရှိသည့် သဘာဝဘေးဒဏ်တို့ကို အလူးအလဲခံစားနေကြရသည်။ အချို့ဒေသများတွင် ရေကြီးခြင်းဒုက္ခကို ခံစားနေရသကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတို့တွင် မိုးခေါင်မှုကြောင့် မိုးရေကိုသာ အဓိကအားထားနေရသည့် ဒေသများ၌ နွေရာသီတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးမှု၊ ပြတ်လပ်မှု ကြုံတွေ့နေသည်။

မျက်မှောက်ကာလတွင်လည်း ရာသီဥတုပြောင်းလဲခြင်းနှင့် စားနပ်ရိက္ခာရရှိနိုင်ခြေနည်းပါးလာခြင်းတို့၏ အရင်းခံမှာ ရေအရင်းအမြစ်ပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေတိုးပွားနေခြင်း၊ လူမှုဘဝဖွံ့ဖြိုးလာခြင်းကြောင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲအားနည်းသော နိုင်ငံများတွင်ရေပြုန်းတီးမှုများပြားလာခြင်း၊ ရေကိုလိုအပ်သည်ထက် သုံးစွဲမှုပိုမိုများပြားလာခြင်း၊ ဖွံ့ဖြိုးမှုအတွက်စက်ရုံအလုပ်ရုံများမှ ရေကိုပိုမိုသုံးစွဲရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီး၌ ရေအရင်းအမြစ်များ တဖြည်းဖြည်းလျော့ပါးနေသည်။ ကမ္ဘာ့နေရာအနှံ့၌ ရေကိုအလုအယက်ရယူရန် ကြိုးပမ်းမှုများကြောင့် အုပ်စုအချင်းချင်း၊ နိုင်ငံအချင်းချင်းတင်းမာမှုများအရ ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံအသီးသီးအနေဖြင့် ရေအရင်းအမြစ်များအပေါ် စနစ်ကျသည့် စီမံခန့်ခွဲမှု၊ ရေသယံဇာတထိန်းသိမ်းမှုတို့က အရေးကြီးသည့် ကဏ္ဍသို့ ရောက်လာသည်။



ညောင်ဦးမြို့နယ်အတွင်းမှ ရေရှားပါးသည့်ကျေးရွာတစ်ရွာ၌ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းစဉ်။

**“မိုးနည်းရပ်ဝန်းဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းတစ်ခွင်တွင် ကျုံးကြီးများ၊ ကန်ငယ်များ၊ ဆည်များ ယနေ့အထိရှိနေသည်မှာ အဖိုးတန်ရေ၏ အသက်သွေးကြောများ ဟု ဆိုရမည်သာဖြစ်သည်။ ကမ္ဘာကြီး၏ ရွာကြီးတစ်ရွာဖြစ်သည့် မြန်မာနိုင်ငံသည် တစ်နှစ် လျှင် ရေကုဗမိုင် ၂၇၀ ရှိပြီး ရေသုံးစွဲမှုမှာ ၈ ကုဗမိုင်သာရှိသဖြင့် ပိုလျှံသည့် မိုးရေ များမှာ မြစ်ချောင်းအင်းအိုင်များမှတစ်ဆင့် ပင်လယ်တွင်းသို့သက်ဆင်းသွားရသည်။ ကမ္ဘာကြီးအတွင်း မှီတင်းနေထိုင်သော ပြည်သူများ မိုးရေကို ၄၀ ရာခိုင်နှုန်းသာ သုံးစွဲနိုင်ပြီး ၆၀ ရာခိုင်နှုန်းကို စွန့်ပစ်ကြသည်မှာ လွန်စွာနှမြောဖို့ ကောင်းလှသည်”**

### မြန်မာနိုင်ငံ၏ ရေသုံးစွဲမှု

မိုးနည်းရပ်ဝန်းဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်းတစ်ခွင်တွင် ကျုံးကြီးများ၊ ကန်ငယ်များ၊ ဆည်များ ယနေ့အထိရှိနေသည်မှာ အဖိုးတန်ရေ၏ အသက်သွေးကြောများဟု ဆိုရမည်သာဖြစ်သည်။ ကမ္ဘာကြီး၏ရွာကြီးတစ်ရွာဖြစ်သည့် မြန်မာနိုင်ငံသည် တစ်နှစ်လျှင်ရေကုဗမိုင် ၂၇၀ ရှိပြီး ရေသုံးစွဲမှုမှာ ၈ ကုဗမိုင်သာရှိသဖြင့် ပိုလျှံသည့် မိုးရေများမှာ မြစ်ချောင်းအင်းအိုင်များမှ တစ်ဆင့် ပင်လယ်တွင်းသို့သက်ဆင်းသွားရသည်။ ကမ္ဘာကြီးအတွင်း မှီတင်းနေထိုင်သော ပြည်သူများ မိုးရေကို ၄၀ ရာခိုင်နှုန်းသာ သုံးစွဲနိုင်ပြီး ၆၀ ရာခိုင်နှုန်းကို စွန့်ပစ်ကြသည်မှာလွန်စွာနှမြောဖို့ ကောင်းလှသည်။ မြေအောက်ရေအရင်းအမြစ် ထိန်းသိမ်းမှုအားမကောင်းခြင်း၊ မိုးရွာသည်ထက် မိုးပြတ်သည့်ကာလ တာရှည်လာခြင်း၊ ပြည်သူများ ရေသုံးစွဲခြင်းထက် ရေဖြုန်းတီးမှုများပြားလာခြင်း၊ ကျပ်ကျပ်မကိုင်တွယ်သဖြင့်လည်း ရေရှားပါးခြင်း၊ ပြတ်လပ်ခြင်းတို့ဖြစ်ပေါ်နေသည်ဟု ဆိုရမည် ဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်ရောက်ရှိချိန်တွင် ၁၀ ဘီလီယံနီးပါးသို့ ရောက်ရှိလာနိုင်သောကြောင့် ရေအရင်းအမြစ်များ ရရှိရေးအတွက် ယှဉ်ပြိုင်မှုများရှိလာပြီး ပဋိပက္ခများတိုးပွားလာနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်းလူဦးရေတိုးပွားလာခြင်း၊ သောက်သုံးရေနှင့် စားနပ်ရိက္ခာ ရရှိနိုင်ခြေနည်းပါးခြင်းနှင့် သဘာဝဘေးအန္တရာယ် ပိုမိုဖြစ်ပွားလာခြင်းတို့ကြောင့် ၂၀၅၀ ပြည့်နှစ် ရောက်ရှိချိန်တွင်လူဦးရေ တစ်ဘီလီယံကျော်သည် အိမ်ခြေရာမဲ့ဖြစ်နေလိမ့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

### ရေရှားပါးသည့်ပြဿနာ

မြန်မာနိုင်ငံတွင် နွေရာသီရေရှားသည့် ပြဿနာကို အပူပိုင်းဇုန်တိုင်း သုံးတိုင်းဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် အများဆုံးကြုံတွေ့နေရပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းများကြောင့် ကျန်တိုင်းဒေသကြီး/ပြည်နယ် အချို့တွင်လည်း ရေရှားပါးသည့်ပြဿနာကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည်။ ရေရှားပါးပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်နိုင်စေရန်နှင့် အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ www.water-donation.com website တွင် ထုတ်ပြန်ထားရှိပြီးဖြစ်သည်။ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အထိ နွေရာသီရေရှားပါးကျေးရွာ ၂၂၃၆ ရွာသို့ ရေဂါလန်ပေါင်း ၃၀ ဒသမ ၀၃၅၄ သန်းဖြန့်ဝေပေးခဲ့ပြီး အိမ်ခြေ ၀ ဒသမ ၅၀ သန်း၊ လူဦးရေ ၂ ဒသမ ၄၁၀ သန်း အကျိုးခံစားမှုရရှိခဲ့သည်။ ဦးစီးဌာနပိုင် ရေသန့်စင်ကား ၁၀ စီးဖြင့်လည်းကောင်း၊ ရေသယ်ယာဉ်အစီး၂၀ ဖြင့်လည်းကောင်း ရေရှားပါးကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိသည်။

### ရေရှားပါးပြတ်လပ်မှုသတင်းများ

နွေရာသီကာလအတွင်း သောက်သုံးရေမပြတ်လပ်စေရေးအတွက် ကျေးလက်ဦးစီးဌာနအနေဖြင့် ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ် ၁၇ခုနှင့်အတူ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ တိုင်းဒေသကြီးပြည်နယ်ဦးစီးမှူးကြီးများ၏ တင်ပြချက်အရ ၂၀၂၁ ခုနှစ် နွေရာသီကာလတွင် မြို့နယ် ၈၆ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၇၄ ရွာတွင် သောက်သုံးရေရှားပါးနိုင်ကြောင်း ခန့်မှန်းသိရသည်။ နွေ၏အငွေ့အသက်ရရုံမျှဖြင့် ရေရှားပါးပြတ်လပ်မှုသတင်းများကို စတင်ကြားနေရပြီဖြစ်သည်။ ကယား၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်း၊ နေပြည်တော်စသည့်တိုင်းဒေသကြီး/ပြည်နယ်ငါးခုရှိ ကနဦးသောက်သုံးရေရှားပါးသည့် ကျေးရွာ ၁၇ ရွာတွင် ရေဂါလန်ပေါင်း ၄၄၆၀၀ ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုးနည်းရပ်ဝန်းဒေသများမှာပင် ကန်တွေ ကျုံးတွေများစွာရှိသဖြင့် ရေကိုအလျှံအပယ်သုံးစွဲနိုင်ခဲ့ကြသည်။ မိုးရွာသွန်းမှုမရှိသည့်အခါ သိုလှောင်သောရေသည်လည်း ရှိနိုင်မည်မဟုတ်ပေ။ အငွေ့ပြန်ခြင်း၊ သတ္တဝါအများသုံးစွဲခြင်းဖြင့် ကုန်ခန်းသွားနိုင်သည်။ မြေအောက်ရေနေနိုင်ဖို့လည်း ထိန်းသိမ်းစောင့်ရှောက်ထားသင့်သည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၆) မျှော်မှန်းချက်များ၊ ကျေးလက်ရေရရှိရေး မဟာဗျူဟာပါ ရည်မှန်းချက်များ ပြည့်မီစေရေး၊ ကျေးလက်ဒေသများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်ကြိုးပမ်းကြရာတွင် ပြည်သူ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါသော အခန်းကဏ္ဍဖြစ်သည်။ ကမ္ဘာ့အပူချိန် တိုးလာခြင်းနှင့်အတူ မိုးခေါင်ခြင်း၊ သဲကန္တာရများ တိုးလာခြင်းတို့က ရေရှားပါးမှုနှုန်းကို မြင့်တက်လာစေသည်။ ရေရှားပါးမှုကို ထိခိုက်ခံစားကြရသူများမှာ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်ရှိသည်။ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း ကမ္ဘာ့လူဦးရေ ၈၄၄ သန်းသည် သောက်သုံးရေစနစ် မခံစားရသေးကြောင်း၊ လူ ၈၉၂ သန်းသည် အညစ်အကြေးများကို အကာကွယ်မဲ့သည့် ပတ်ဝန်းကျင်များတွင် စွန့်ပစ်သည့်စနစ်ကို ကျင့်သုံးခဲ့ကြကြောင်း အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

### မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်းရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ အလယ်ပိုင်းခြောက်သွေ့သော အပူပိုင်းဒေသများမှလွဲ၍ ရွာသွန်းမိုးရေကောင်းမွန်ခြင်း၊ မြစ်ချောင်းများနှင့် သဘာဝရေကန်များစွာရှိနေခြင်းနှင့် မြေအောက်ရေထိန်းထားနိုင်သော အလွှာရှိနေခြင်းတို့မှာ သဘာဝက ပေးအပ်ထားသော လက်ဆောင်မွန်ဖြစ်သည်။ ရာသီဥတုဖြစ်စဉ်များနှင့်အတူ ဖြစ်ပေါ်လာသည့် ပုံမှန်မဟုတ်သော ရေကြီးရေလျှံမှု၊ မုန်တိုင်းဖြစ်ပေါ်မှုနှင့် အချို့ဒေသများတွင် ထူးခြားစွာမိုးရေချိန်နည်းပါးခြင်း၊ ဆည်တမံများ၌ရေအဝင်နည်းခြင်းစသည့် အခြေအနေများကို ရင်ဆိုင်လာရသည်။ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ရေလှောင်တမံများတွင် သောက်သုံးရေတစ်မျိုးတည်းသာ ပေးဝေနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးရေပေးဝေရန် မလုံလောက်မှုကြောင့်

*စာမျက်နှာ ၂၁ သို့*

# ဘားအံတက္ကသိုလ်နှင့်ဘားအံပညာရေးဒီဂရီကောလိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**ဘားအံ ဖေဖော်ဝါရီ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံတက္ကသိုလ်နှင့် ဘားအံပညာရေးဒီဂရီကောလိပ်မှ တည်ဆောက်ရေး လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၄ ရက်က သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်ဥပဒေချုပ်ဦးရဲလွင်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘားအံတက္ကသိုလ် ဘားအံပညာ့ရိပ်သာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ်ဒေါက်တာစိုးစိုးအေးနှင့် တာဝန်ရှိသူများက တည်ဆောက်ရေး လုပ်ငန်း ရှင်းလင်းဆောင်၌ ဘားအံပညာ့ရိပ်သာ တည်ဆောက်ရေးလုပ်ငန်း၊ Community Center ၊ Gym ခန်းမ၊ အိမ်ခန်းပေါင်း ၃၀ ကျော် ပါဝင်မည့် လေးထပ်အဆောက်အအုံ အိမ်ရာငါးလုံး စသည့် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၃ အောက်တိုဘာလတွင် လုပ်ငန်းအားလုံးပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံတက္ကသိုလ် ပတ္တမြားနယ်မြေရှိ ဝန်ထမ်း အိမ်ရာ ခြောက်ခန်းတွဲ သုံးထပ်နှင့် ဆရာ ဆရာမများ အိမ်ရာ၊ တက္ကသိုလ်ပရဝဏ်အတွင်း သုံးထပ်စာသင်ဆောင် ၂၁၆ပေ x ၃၉ ပေ တည်ဆောက်ခြင်းလုပ်ငန်း တို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြားသည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံပညာရေး ဒီဂရီကောလိပ်၌ သင်တန်းသူ ၂၀၀ ဆံ့ ၁၇၉ပေ x ၃၆ပေ အာစီစီ လေးထပ်အိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်း၊ ၁၇၉ပေ x ၃၆ပေ အာစီစီ သုံးထပ် သင်တန်းသားအိပ်ဆောင်၊ ဘားအံ ပညာရေးဒီဂရီကောလိပ် လေးခန်းတွဲ လေးထပ်



ဆရာ ဆရာမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဘားအံပညာရေးဒီဂရီ ကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်မြင့်လှိုင် နှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း များနှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြား ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်မှ စန္ဒကူးပျိုးပင်ပျိုးထောင်ရောင်းချသူများ ပျိုးပင်ပြတ်သည်အထိ ရောင်းချနေရ

**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ စန္ဒကူးပင် ပျိုးထောင်ရောင်းချသူများအနေဖြင့် ပျိုးပင်ပြတ်သည်အထိ ရောင်းချရခြင်းကြောင့် လာမည့်နှစ် ပြန်လည်ပျိုးထောင်ချိန်တွင် စန္ဒကူးပင် ပျိုးထောင်ရောင်းချသူ များပြားလာနိုင်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာမှ စန္ဒကူးမျိုးစေ့နှင့် ပျိုးပင် ပျိုးထောင်ရောင်းချသူများက ပြောသည်။

စန္ဒကူးပင်စိုက်ပျိုးမှု များပြားလာခြင်းနှင့်အတူ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု၊ သစ်ထောင့်အုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်အုပ်စုတို့မှ ကျေးရွာများတွင် စန္ဒကူးပျိုးပင်များ ပျိုးထောင်ရောင်းချမှု များပြားလာကာ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ စန္ဒကူးပျိုးပင်များ ရောင်းချရမှု အလွန်များပြားလာ၍ ပျိုးပင်စိုက်ပျိုးရောင်းချသူများ ပျိုးပင်ပြတ်သည်အထိ ရောင်းချရပြီး ဈေးကောင်းလည်းရရှိနေကြသည်။

စန္ဒကူးပျိုးထောင်ရာတွင် အစေ့ကို သဲပုံပေါ်ပက်ထားပြီး ပျိုးထောင်ရကြောင်း၊ အချို့ ပျိုးပင်ထောင်သူများက စန္ဒကူးပင်အောက် အလေ့ကျပေါက်သည့် အပင်ပေါက်များကို မိုးသည်းထန်စွာရွာသွန်းချိန်တွင် နုတ်ယူပြီး ပျိုးအိတ်ပြောင်းထည့် ပျိုးထောင်ကြကြောင်း၊ စန္ဒကူးပင် ပျိုးထောင်ပြီး နှစ်နှစ်သားမှ ငါးနှစ်သားအထိ အိတ်သုံးမျိုးခန့်ပြောင်းပြီး အပင်ကြီးထွားမှ စိုက်ပျိုးလျှင် စိတ်ချရကြောင်း၊ ပျိုးပင်ဈေးနှုန်းမှာ အပင်သန်မာကြီးထွားမှု၊ ပျိုးပင်ဖြောင့်မှုတို့အပေါ်မူတည်၍ ဈေးနှုန်းကွာခြားကြောင်း၊ တစ်နှစ်သား အပင်တစ်ပင်လျှင် ကျပ် ၅၀၀၊ နှစ်နှစ်သားနှင့် သုံးနှစ်သားအပင်များမှာ ကျပ် ၄၅၀၀ မှ ကျပ် ၆၀၀၀ အထိ ဈေးရရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ယခုနှစ်ပိုင်းအတွင်း နှစ်ရှည်ပင်ဖြစ်သည့် စန္ဒကူးခြံများ စိုက်ပျိုးမှုများပြားလာသလို ပျိုးပင်များ ရောင်းအားကောင်းသဖြင့် ပျိုးထောင်ရောင်းချသူများ အဆင်ပြေကြပြီး ပျိုးပင်ပျိုးထောင်ရောင်းချသူ ပိုမိုများပြားလာနိုင်ကြောင်း စန္ဒကူးပျိုးပင် ပျိုးထောင်ရောင်းချသူ ဦးဝင်းတင့်က ပြောသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



# အင်တောမြို့၌ စားသောက်ဆိုင်များ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီရောင်းချရန် စစ်ဆေး

**အင်တော ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့အတွင်းရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရောင်းချနေမှု ရှိမရှိကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၄ ရက်က ရှောင်တခင် ကွင်းဆင်းစစ်ဆေး၍ အသိပညာပေးမှုများ ဆောင်ရွက်သည်။

မြို့အုပ်ချုပ်ရေးမှူး ဦးစိန်လှိုင်တင့်၊ အင်တောနယ်မြေခံရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ ဦးစိုင်းအောင်သန်းဦး၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင် ရောင်းချသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် လိုက်နာရမည့်အချက်များအတိုင်း လိုက်နာရောင်းချမှုရှိမရှိ စစ်ဆေးကြပြီး ဆိုင်ရှေ့တွင် လက်သန့်ဆေးရည်၊ ဆပ်ပြာရည်နှင့် လက်ဆေးဘေစင်ထားရှိရန်၊ နှာခေါင်းစည်း စနစ်တကျတပ်ဆင်၍ ရောင်းချရန်၊ ဈေးဝယ်ယူသူများကိုလည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဝယ်ယူစေရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို မပျက်မကွက်လိုက်နာကြရန် အသိပညာပေးခဲ့ကြသည်။ **အောင်ခိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

အခြားသီးနှံများပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လာရသည်။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲလာမှု၏ အကျိုးဆက်ကို သိသိသာသာခံစားနေရခြင်း၊ နိုင်ငံ တစ်ဝန်းရှိ ရေဝေရေလဲဒေသများကိုထိန်းသိမ်းနိုင် စွမ်းမရှိခြင်းတို့ကြောင့် ရေအရင်းအမြစ်များ ဆုံးရှုံးပြီး နွေရာသီကာလမရောက်မီကပင် မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ရေတွင်းရေကန်များ ခန်းခြောက်လာသည်။ ဆည်မြောင်း၊ တာတမံများလည်း ရေနည်းပါးခြင်းနှင့်ရင်ဆိုင်လာရသည်။ လူဦးရေ တိုးပွားလာမှုနှင့်အတူ မြို့ပြဖွံ့ဖြိုးလာခြင်း၊ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြုစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကလည်း ရေအရင်းအမြစ်များ အလျင်အမြန်လျော့ပါးမှုကို တွန်းအားပေးလျက်ရှိသည်။ သောက်သုံးရေကန်မှ ရေရယူသုံးစွဲပုံစနစ်မမှန်ကန်ခြင်း၊ သောက်သုံးရေကန် သန့်ရှင်းသတိပေးချက်များကို မလိုက်နာခြင်း၊ သောက်သုံးရေကန်အနီးဝန်းကျင်၌ မိလ္လာ၊ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်း၊ အမှိုက်ပုံတို့ရှိနေခြင်း၊ သောက်သုံးရေကန်များကို ရေရှည်ထိန်းသိမ်းမှု မရှိခြင်း၊ ရေတွင်းတူးရန် မြေနေရာရွေးချယ်မှု မမှန်ကန်ခြင်းတို့ပါဝင်သည်။ သောက်သုံးရေတွင်းဖြစ်စေရန် အညစ်အကြေးစွန့်ပစ်သောနေရာနှင့် ပေ ၅၀ ဝေးကွာပြီးမြင့်သော အပိုင်းတွင်ရှိရမည်ဖြစ်သည်။

### (၁၀) နှစ်စီမံကိန်း

သောက်သုံးရေရှားပါးမှုဖြည့်ဆည်းရေးအတွက် ၂၀၂၀-၂၁ မှ ၂၀၃၀-၃၁ အထိ (၁၀) နှစ်စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်သွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကို Pilot Projectအဖြစ် အချက်အလက်များ ကွင်းဆင်းကောက်ယူရာ၌ မြေပြင်တွင် ကျေးရွာပေါင်း ၈၀ ထပ်တိုးသဖြင့် စုစုပေါင်းရွာ ၃၀၀ အထိရှိကြောင်း သိရသည်။ ကျေးလက်များတွင် သုံးရေအတွက် အဆင်ပြေမှုရှိသော်လည်း အဓိကလိုအပ်သည့် သောက်သုံးရေရှားပါးမှု ဖြည့်ဆည်းနိုင်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ယခုစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကတည်းက ပြင်ဆင်ခဲ့ရာ ယခု ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် လျက်ရှိကြောင်း၊ ၂၀၃၁ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသော ကျေးရွာများအားလုံးတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရန် ဆောင်ရွက်နေကြောင်းသိရသည်။

လုံခြုံဘေးကင်းသည့်ရေ၊ ကောင်းမွန်သည့် ရေနှင့် သန့်ရှင်းမှုစနစ်တို့ကို လက်လှမ်းမမီဘဲ ကျန်ရှိခဲ့မှုများစွာအတွက် အကြောင်းအရင်းများ အလေးထား ရှာဖွေဖြေရှင်းကြရန် ရည်ရွယ်၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ လူသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးလာမှုကို ကာကွယ်ရန် ၁၉၉၂ ခုနှစ် ဇွန်လက ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ရာသီဥတုညီလာခံ၏အစီအစဉ် (၂၁) နောက်ဆက်တွဲ ဆုံးဖြတ်ချက်အရ ရေသယံဇာတ၏အရေးပါမှုကို ဂရုပြုမိလာစေရန် နှစ်စဉ် မတ် ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

### စနစ်တကျ ထိန်းသိမ်းသင့်

ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံးဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေသည်။ လူဦးရေ တိုးတက်များပြားလာနေသော ယနေ့ကမ္ဘာကြီးတွင် ရေလိုအပ်ချက်သည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ကမ္ဘာကြီးတည်တံ့ခိုင်မြဲရေးနှင့် ရေအရင်းအမြစ် လုံခြုံမှုရှိရေးသည်လည်း အရေးကြီးသည်။ အစိုးရအနေဖြင့် ရေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲနိုင်မည့် အမျိုးသားရေသယံဇာတ ဥပဒေတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို စနစ်တကျလုပ်ဆောင်ခြင်း၊ အများပြည်သူတို့ကလည်း ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် စနစ်တကျအသုံးပြုခြင်းဖြင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသင့်သည်။ ရေကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# တန့်ယန်းမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာနေသော ကျေးလက်ကုန်ထုတ်လမ်းများ

**သတင်းဆောင်းပါး မင်းလွင်ဦး(ပြန်/ဆက်)**



ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်နေစဉ်။

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ်သည် တောင်ပေါ်ဒေသဖြစ်၍ မြေပြန့်နည်းသည့်အတွက် လမ်းပန်းဆက်သွယ်ရေးတွင် ခက်ခဲခဲ့မှုကြောင့် ယခင်က ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သော်လည်း ယခုအခါ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ကုန်ထုတ်လမ်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်ဒေသရှိ ဒေသခံမိဘပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးစေပြီး ဆင်းရဲမှုနှုန်း ကျဆင်းလာစေရန်၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်ကုန်များ ဈေးကွက်သို့ ဈေးနှုန်းသက်သာ၍ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရန်အတွက် အထောက်အကူဖြစ်စေရန်၊ ပညာရေး၊ ကျန်းမာရေး လူမှုရေးများအတွက် သွားလာမှု လွယ်ကူချောမွေ့စေရန်တို့အတွက် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းများ၊ တံတားများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

တန့်ယန်းမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မန်ကတ်ကျေးရွာအုပ်စုအတွင်းရှိ နားဆောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် လုံပိုးကျေးရွာအုပ်စုအတွင်းရှိ ပန်လုံ-လွယ်ကုန်-နောင်စေ ကျေးလက်ကုန်ထုတ်လမ်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွက် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၀၂ သန်းဖြင့် မန်ကတ်ကျေးရွာအုပ်စုအတွင်းရှိ နားဆောင်ကျေးရွာ ကုန်ထုတ်လမ်းကို လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ဖြုံးကျောက်ခင်းလမ်းအဖြစ် အသောက ကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပေးနေပြီး အဆိုပါလမ်းတွင် အရှည် ၁၄ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၉ ပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် အကျယ် ၂ ပေ၊ အရှည် ၁၈ ပေရှိ ရေပြွန်တစ်ခုတို့ ပါဝင်သည်။

ကျေးလက် ကုန်ထုတ်လမ်းတစ်ခုဖြစ်သော လုံပိုးကျေးရွာအုပ်စုအတွင်းရှိ ပန်လုံ- လွယ်ကုန်- နောင်စေ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွက် ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၀၇ သန်းဖြင့် RTB ကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မကို လမ်းအမာခံရရှိနိုင်ရန်အတွက် မြေသားလမ်းတိုးချဲ့ခြင်းနှင့် ဖြုံးကျောက်ခင်းခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီ၍ အချိန်မီပြီးစီးနိုင်ရန်အတွက် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးဦးခိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

မန်ကတ်ကျေးရွာ အုပ်စုအတွင်းရှိ နားဆောင်ကျေးရွာ ကုန်ထုတ်လမ်းနှင့် လုံပိုးကျေးရွာအုပ်စုအတွင်းရှိ ပန်လုံ- လွယ်ကုန်- နောင်စေ ကျေးလက်ကုန်ထုတ်လမ်းကို ဆောင်ရွက်ပြီးစီးပါက နားဆောင်ကျေးရွာ၊ ပန်လုံကျေးရွာ၊ လွယ်ကုန်ကျေးရွာ၊ နောင်စေကျေးရွာနှင့် အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများ၏ လယ်ယာထွက်ကုန်များ၊ ဒေသထွက်ကုန်များကို ဈေးကွက်သို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် အလျင်အမြန်တင်ပို့နိုင်မည် ဖြစ်ပေသည်။

ထို့ပြင် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၈၅ သန်းဖြင့် မိုင်းပတ်ကျေးရွာအုပ်စုအတွင်း မန်လွယ်ကျေးလက်ကုန်ထုတ်လမ်းပေါ်ရှိ အကျယ် ၅ ပေ၊ အရှည် ၂၂ ပေ၊ အမြင့် ၅ ပေ ကွန်ကရစ်တံတားတစ်စင်းကိုလည်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်အတွင်းရှိ ကျေးလက်ကုန်ထုတ်လမ်းများအား အခြားသောဌာနများ၏ လမ်းစာရင်းများတွင် ပါဝင်မှု၊ ကျေးရွာနေပြည်သူများ၏ လမ်းတံတားများ ပြန်လည်ထိန်းသိမ်း မွမ်းမံနိုင်မှုနှင့် သတ်မှတ်လမ်းအကျယ် ရရှိစေရန်အတွက် မြေယာလှူဒါန်းပေးနိုင်မှုတို့ အပေါ်တွင်မူတည်၍ ရွေးချယ်ဆောင်ရွက်ပေးနေရာ နောက်လာမည့်၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နောင်ဖာကျေးရွာအုပ်စုအတွင်း မတ်ချိန်-ဟွေဟုတ် ကျေးရွာကုန်ထုတ်လမ်းနှင့် နားဟုတ်ကျေးရွာအုပ်စုအတွင်း မန်ကျောင်း-မန်လုံကျေးရွာ ကုန်ထုတ်လမ်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် လျာထားပြီးဖြစ်ကြောင်း၊ နောင်လာမည့် ဘဏ္ဍာနှစ်များတွင်လည်း ကျေးလက်နေပြည်သူများ၏ တင်ပြချက်များကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း စိစစ်ရွေးချယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်မြေ ရေရရှိရေး လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကဲ့သို့သော သီးခြားရန်ပုံငွေများဖြင့်လည်း ကျေးရွာလူထု၏ တင်ပြချက်များအပေါ် မူတည်ကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခိုင်မင်းထွန်းက ပြောသည်။

ယခုကဲ့သို့ တန့်ယန်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးစေပြီး ဆင်းရဲမှုနှုန်း ကျဆင်းလာစေရန်၊ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်ကုန်များ ဈေးကွက်သို့ ဈေးနှုန်းသက်သာ၍ လွယ်ကူ လျင်မြန်စွာ ပို့ဆောင်နိုင်ရေး အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း/ တံတားများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ အမှန်ပင် ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပေသည်။

**မြို့နယ်အတွင်းရှိ ကျေးလက်ကုန်ထုတ်လမ်းများအား အခြားသောဌာနများ၏ လမ်းစာရင်းများတွင်ပါဝင်မှု ကျေးရွာနေပြည်သူများ၏ လမ်းတံတားများ ပြန်လည်ထိန်းသိမ်း မွမ်းမံနိုင်မှုနှင့် သတ်မှတ်လမ်းအကျယ်ရရှိစေရန်အတွက် မြေယာလှူဒါန်းပေးနိုင်မှုတို့အပေါ်တွင် မူတည်၍ ရွေးချယ်ဆောင်ရွက်ပေးနေရာ နောက်လာမည့်၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နောင်ဖာကျေးရွာအုပ်စုအတွင်း မတ်ချိန်-ဟွေဟုတ် ကျေးရွာကုန်ထုတ်လမ်းနှင့် နားဟုတ်ကျေးရွာအုပ်စုအတွင်း မန်ကျောင်း- မန်လုံကျေးရွာ ကုန်ထုတ်လမ်းတို့ကို ဆောင်ရွက်ပေးနိုင်ရန် လျာထားပြီးဖြစ်**

## မြင်းမူမြို့နယ်၌ ပြည်သူ ၂၂၀၀၀ ကျော်အား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးဖြစ်

**မြင်းမူ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ဒေသခံပြည်သူများအား မြို့နယ် ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံစုရပ်တွင် ရုံးပိတ်ရက်မှအပ နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ထိုးနှံပေးရန် အကျုံးဝင်သူပေါင်း ၉၉၀၅၂ ဦးရှိသည့်အနက် ယနေ့အထိ သာသနာ့နွယ်ဝင်များ၊ ကျောင်းသား ကျောင်းသူများအပါအဝင် ဒေသခံပြည်သူ ၂၂၆၈၂ ဦးကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ အသက် ၅၀ နှစ် ပြည့်ပြီး လက်ရှိနိုင်ငံ့ဝန်ထမ်းများနှင့် အသက် ၆၀ နှစ်ပြည့်ပြီး အငြိမ်းစားဝန်ထမ်းများကိုလည်း ထပ်ဆောင်းကိုဗစ်ကာကွယ်ဆေး (Boster Dose) များ စတင်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုထံမှ သိရသည်။

မြင်းမူမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုများ ပိုမိုလျင်မြန်မှုရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**



## နှမ်းစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်

**ရွှေဘို ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဆောင်ရွက်မည့် နှမ်းစပါးနှင့် အခြားသီးနှံစံပြကွက် စိုက်ပျိုးမည့် တောင်သူများအား ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ပြီး နှမ်းစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းကို ဖွင့်လှစ်သည်။

နှမ်းစပါးနှင့် အခြားသီးနှံစံပြကွက်စိုက်ပျိုးမည့် တောင်သူ ၂၀ အား ရွှေသွယ်ရင်စပါးမျိုးသန့် တင်း ၅၀၊ ဂျစ်ပဆမ်ကျောက်မှုန့်မြေသြဇာ အိတ် ၅၀ နှင့် ဇီဝမြေသြဇာအိတ် ၅၀ တို့ကို ပံ့ပိုးထောက်ပံ့ပေးခြင်းဖြစ်သည်။ နှမ်းစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်မောင်ဆွေက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုဦးစီးမှူးဦးအောင်ကြည်ဝင်းက နှမ်းစပါး အထွက်နှုန်းတိုးတက်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် ဆောင်ရွက်ရမည့်အကြောင်းများ၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်မာချိုက ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း စနစ်များ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းက မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း အကြောင်းများကို တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

**စိုင်းသီဟ(ရွှေဘို)**




ဂျိုကိုဗစ်

# ကမ္ဘာ့နံပါတ်တစ်ကစားသမားအဖြစ်မှ ဂျိုကိုဗစ် အဆင့်လျော့ကျတော့မည်

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်နိုင်ခဲ့ခြင်းမရှိသည့် တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်သည် ဒူဘိုင်းတွင် ကျင်းပသည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းမရှိပေ။ ထို့ကြောင့် နှစ်နှစ်ကြာ ထိန်းထားနိုင်သည့် ကမ္ဘာနံပါတ်တစ်တင်းနစ်သမားအဆင့်မှာ အဆုံးသတ်သွားပြီ ဖြစ်သည်။ ချက်သမ္မတနိုင်ငံမှ ရေရီဗက်စလေကို ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရုရှားကစားသမားဖြစ်သူ ဒင်နီရယ် မက်ဗီဒက်မှာ နံပါတ်တစ်ကစားသမား ဖြစ်လာတော့မည် ဖြစ်သည်။ တင်းနစ်အဖွဲ့ချုပ်မှ ပရော်ဖက်ရှင်နယ်ကစားသမားများ၏ အဆင့်သတ်မှတ်ချက်အသစ်ကို လာမည့် သီတင်းပတ်အတွင်း ထုတ်ပြန်တော့မည် ဖြစ်သည်။ အသက် ၂၆ နှစ်အရွယ် မက်ဗီဒက်မှာ ၂၀၂၁ ခုနှစ် အမေရိကန်အိုးပင်းပြိုင်ပွဲ ချန်ပီယံဖြစ်သည်။ ဒူဘိုင်းတွင် ပြုလုပ်သည့်ပွဲမတိုင်မီက ဂျိုကိုဗစ်သည် ၎င်းမှာ တင်းနစ်ပြိုင်ပွဲသို့ ပြန်လာရသည့်အတွက် စိတ်ကျေနပ်မှုရှိကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။ ဂျိုကိုဗစ်မှာ ကာကွယ်ဆေးမထိုးရသေးဘဲရှိကာ ၎င်း၏ ဆုံးဖြတ်ချက်ကိုလည်း ပြင်ဆင်သွားရန်မရှိဟု လာမည့်လအတွင်း ကျင်းပမည့်ပွဲမတိုင်မီ ပြောကြားခဲ့သည်။

**အောင်**

## ၂၀၂၃ ခုနှစ်အတွက် အေအက်ဖ်စီဖလားခြေစစ်ပွဲ နောက်ဆုံး အကျော့ပွဲစဉ်များကိုကြေညာ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၂၄ ရက်က ၂၀၂၃ ခုနှစ်အတွက် အေအက်ဖ်စီဖလား ခြေစစ်ပွဲအတွက် ပွဲစဉ်များကို မဲနှိုက်မှုများ ဆောင်ရွက်ခဲ့သည်။

အုပ်စုခြောက်စုခွဲကာ ကျင်းပသွားမည်ဟု ဆုံးဖြတ်ခဲ့သည်။ အသင်းပေါင်း ၂၄ သင်းအနက် အနိုင်ရရှိသည့်အသင်း ခြောက်သင်းနှင့် ဒုတိယအကောင်းဆုံးအသင်း ငါးသင်းသည် တရုတ်၊ ဩစတြေးလျ၊ အီရန်၊ အီရတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ လက်ဘနွန်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဆီးရီးယား၊ ယူအေအီးနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်အတူ နောက်ဆုံးပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကူဝိတ်၊ မွန်ဂိုလီးယား၊ ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ မလေးရှားနှင့် ကာဇက်စတန်နိုင်ငံတို့တွင် ၂၀၂၃ ခုနှစ်အတွက် ခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသွားမည် ဖြစ်သည်။ ခြေစစ်ပွဲနောက်ဆုံးအကျော့ပွဲစဉ်များကို ဇွန် ၈ ရက်၊ ၁၁ ရက် နှင့် ၁၄ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။

**အောင်**

## အိုလံပစ်အားကစားပြိုင်ပွဲများဟာ နိုင်ငံနဲ့ ဒေသများကြား ချစ်ခင်ရင်းနှီးမှုများကို မြှင့်တင်ပေးတဲ့ အားကစားပွဲတော်ကြီးဖြစ်

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန် အခက်အခဲများကြားမှာ ပေကျင်း ၂၀၂၂ ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲကြီးဟာ ကြီးမားတဲ့အောင်မြင်မှုတွေရရှိခဲ့တယ်လို့ မွန်ဂိုလီးယား အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ ချိုင်ဂါဗာနာရန်ဗာတာက ပြောကြားလိုက်ပါတယ်။

(၂၄)ကြိမ်မြောက် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲကြီးဟာ ကြီးမားတဲ့အောင်မြင်မှုတွေရရှိခဲ့တယ်လို့ မိမိထင်ကြောင်း၊ အိုလံပစ်အားကစားပြိုင်ပွဲကြီးကို ကပ်ရောဂါအခက်အခဲများကြားက အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း နာရန်ဘာတာက ပြောကြားလိုက်ပါတယ်။

ပေကျင်းဟာ ဆောင်းရာသီနဲ့နွေရာသီအိုလံပစ် အားကစားပြိုင်ပွဲတွေကို ကျင်းပခဲ့တဲ့ ကမ္ဘာပေါ်မှာ ပထမဆုံးမြို့တစ်မြို့ဖြစ်ပါတယ်။ ဆောင်းရာသီအိုလံပစ်၊ အဆောက်အအုံများ၊ အဖွဲ့အစည်းနဲ့ အထူးသဖြင့် ချစ်ခင်ကြင်နာခြင်းနဲ့ စေတနာရှင်လုပ်အားပေးများရဲ့ အံ့ဩဖွယ်ဝန်ဆောင်မှုများကို အမှန်တကယ်လေးစားကြောင်း



နာရန်ဘာတာက ဆက်လက်ပြောကြားခဲ့ပါတယ်။

အိုလံပစ်အားကစားပြိုင်ပွဲများဟာ နိုင်ငံနဲ့ ဒေသများကြား ချစ်ခင်ရင်းနှီးမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးတဲ့ အကြီးမားဆုံး အားကစားပွဲတော်ကြီးဖြစ်ပါကြောင်း၊ အားကစားမှတစ်ဆင့် ချစ်ခင်ရင်းနှီးမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးပွားလာမှာဖြစ်တယ်လို့ သူကဆက်ပြောလိုက်ပါတယ်။ **လင်းခေတ်ဆန်**

## တရုတ်မသန်စွမ်းအားကစားသမားများ မသန်စွမ်းအားကစားပြိုင်ပွဲတွင် စံချိန်ချိုးရန် စိတ်အားထက်သန်

၅၅ ရက်ကြာ လေ့ကျင့်ပြီးနောက် ၃၃ဦးပါ တရုတ်မသန်စွမ်း နိုင်ငံဖြတ်ကျော်စကိတ်စီးခြင်းနဲ့ Biathlon (နိုင်ငံဖြတ်ကျော်စကိတ်စီးခြင်းနဲ့ ရိုင်ဖယ်သေနတ်ပစ်ခြင်းနှစ်မျိုးပေါင်းစပ်ထားတဲ့ ဆောင်းရာသီအားကစား) အသင်းဟာ ဖေဖော်ဝါရီ ၂၅ ရက်က ပေကျင်းကို ထွက်ခွာလာကြပါတယ်။

အားကစားသမားများဟာ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ်ရှိ ဘိုင်ယင်မြို့မှာ ဇန်နဝါရီလအစောပိုင်းကတည်းက အတူစုရုံးရောက်ရှိနေကြတာဖြစ်ပါတယ်။ အားကစားသမားများနဲ့ နည်းပြများဟာ မသန်စွမ်းအားကစားပွဲကြီးမှာ စံချိန်ချိုးဖို့အတွက် စိတ်အားထက်သန်နေကြပါတယ်။

လာမယ့်အားကစားပွဲဟာ Guo Yujie နဲ့သူ့အသင်းကို စိတ်လှုပ်ရှားစေပါတယ်။ Guo က သူ့အနေနဲ့ နိုင်ငံဖြတ်ကျော်စကိတ်စီးခြင်းနဲ့ Biathlon ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။ စိတ်ကျေနပ်စရာကောင်းတဲ့ရလဒ်များရရှိအောင် မိမိအနေနဲ့ အကောင်းဆုံး ကြိုးစားသွားမှာဖြစ်ကြောင်း၊ အားကစားသမားများအားလုံး ဂုဏ်ပြုမှုများရရှိနိုင်ကြောင်း Guo ကပြောကြားလိုက်ပါတယ်။ ထို့ပြင် မိမိအနေဖြင့် အမိမြေအတွက် အကောင်းဆုံးကြိုးစားသွားမှာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

**လင်းခေတ်ဆန်**

## ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

COPPA ITALIA

မတ် ၂ ရက်နဲ့ ၃ ရက်မှာ အီတလီကိုပါအီတာလီယာဖလားဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အေစီမီလန်က အင်တာမီလန်၊ ဖီအိုရင်တီးနားက ဂျူဗင်တပ်စ်အသင်းနဲ့ ဆုံတွေ့နေပါတယ်။

| ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် (ပ-ကျော့) | |
|---|---|
| ၂-၃-၂၀၂၂ | နံနက် ၂း၃၀ |
| အေစီမီလန် - အင်တာမီလန် | |
| ၃-၃-၂၀၂၂ | နံနက် ၂း၃၀ |
| ဖီအိုရင်တီးနား - ဂျူဗင်တပ်စ် | |

### အေစီမီလန် VS အင်တာမီလန်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု အင်တာမီလန် ၁-၂ အေစီမီလန်

အေစီမီလန်အသင်းအနေနဲ့ ကိုပါအီတာလီယာဖလားကွာတားဖိုင်နယ်မှာ လာဇီယိုအသင်းကို ဂိုးပြတ်အနိုင်ယူပြီး ဆီမီးဖိုင်နယ်ကို တက်လှမ်းလာနိုင်တာဖြစ်ပြီး ပြိုင်ဘက်အင်တာမီလန်အသင်းကလည်း အဆိုပါအဆင့်မှာ ရိုးမားအသင်းကို ဂိုးပြတ်အနိုင်ယူပြီး ဆီမီးဖိုင်နယ်ကို တက်လှမ်းလာတာ ဖြစ်ပါတယ်။ ဒီနှစ်သင်းက စီးရီးအေအမှတ်ပေးဇယားမှာ ချန်ပီယံဖြစ်ဖို့ အားပြိုင်နေတဲ့အသင်းတွေဖြစ်ပြီး ယခုကိုပါအီတာလီယာဖလားဆီမီးဖိုင်နယ်မှာလည်း ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရရှိပြီး နောက်တစ်ဆင့်တက်ရောက်သွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**အေစီမီလန်အသင်းမှ ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | | သွင်းဂိုး |
|---|---|---|
| ဂျီရုဒ် | - | ၁၀ |
| လီယို | - | ၁၀ |
| အီဗရာဟီမိုဗစ် | - | ၈ |



**အင်တာမီလန်အသင်းမှဂိုးအများဆုံးသွင်းထားသူများ**

| အမည် | | သွင်းဂိုး |
|---|---|---|
| ဒီဇီကို | - | ၁၃ |
| မာတီနက်ဇ် | - | ၁၂ |
| ကဲလ်ဟန်နိုလူ | - | ၉ |



**ဖီအိုရင်တီးနားအသင်းမှ ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | | သွင်းဂိုး |
|---|---|---|
| ဘီရာဂီ | - | ၅ |
| ဆော့တီးလ် | - | ၄ |
| ဘိုနာဗန်တူရာ | - | ၃ |



**ဂျူဗင်တပ်စ်အသင်းမှ ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | | သွင်းဂိုး |
|---|---|---|
| ဗလာဟိုဗစ် | - | ၂၀ |
| ဒိုင်ဘာလာ | - | ၁၂ |
| မိုရာတာ | - | ၈ |



### ဖီအိုရင်တီးနား VS ဂျူဗင်တပ်စ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဂျူဗင်တပ်စ် ၁-၀ ဖီအိုရင်တီးနား

ဖီအိုရင်တီးနားအသင်းက ကိုပါအီတာလီယာဖလားကွာတားဖိုင်နယ်မှာ ကစားရခက်ခဲသည့် အတ္တာလန်တာအသင်းကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်ကို တက်လှမ်းလာတာဖြစ်ပြီး ဂျူဗင်တပ်စ်အသင်းက အဆိုပါ အဆင့်မှာ ဆက်ဆူအိုလိုအသင်းကို ကျဉ်းမြောင်းတဲ့ရလဒ်နဲ့အနိုင်ယူပြီး ဆီမီးဖိုင်နယ်ကို တက်လှမ်းတာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းမှာ အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူး ဗလာဟိုဗစ်ခြေစွမ်းပြသထားနိုင်ပေမယ့် တိုက်စစ်ပိုင်း လိုအပ်ချက်ရှိနေပါသေးတယ်။ ဖီအိုရင်တီးနားက လက်ရှိမှာ ပုံစံကောင်းရရှိနေသလို အသင်းလိုက်စုဖွဲ့မှုအားကလည်း အကောင်းဆုံး အနေအထားမှာ ရှိတယ်။

**အောင်ဇော် - စုစည်းသည်**

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူရရှိခြင်းမရှိက တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီ မှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင်ကုမ္ပဏီ ၁၄ ခုမှ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၂၀၈ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးသွားမည် ဖြစ်သည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို အောက်ဖော်ပြပါ မြန်မာရေနံနှင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး၊ နေ့စဉ် ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိနေသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**သတင်းစဉ်**

*ယမန်နေ့မှအဆက်*

## မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၃ | Moon Sun Energy | Moon Sun Energy | ပြည်ကြီးမင်္ဂလာကုန်တင်ရပ်နားစခန်း(စွယ်တော်ကားကြီးဝင်း)၊ အမရပူရမြို့နယ် မန္တလေးတိုင်းဒေသကြီး။ |
| | | Moon Sun Energy | ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ဝက်တိုးကျေးရွာအုပ်စု၊ မိတ္ထီလာ တိုးဂိတ်အနီး၊ မိတ္ထီလာမြို့။ |
| | | Moon Sun Energy | မိတ္ထီလာ-တောင်ကြီးလမ်းမ၊ ကျွဲတပ်ဆုံကျေးရွာ၊ သာစည်မြို့။ |
| ၄ | Heyday Energy Trading Co.,Ltd | Shan Shwe Taung (Payangazu) | ကျွဲတပ်ဆုံကျေးရွာ၊သာစည်မြို့နယ်၊မန္တလေးတိုင်းဒေသကြီး။ |
| ၅ | Asia Energy Co., Ltd. | Asia Energy -စဉ့်ကိုင်ပန့်ဆိုင် (မန္တလေး) | မိုင်တိုင် (၄၁၅)၊ ပေါ်တော်မူဘုရားနီး၊ စဉ့်ကိုင်မြို့။ |
| | | Asia Energy -78 ပန့်ဆိုင် (မန္တလေး) | ၇၈ လမ်း၊ ရန်ကုန်မန္တလေးလမ်းမကြီး၊ မန္တလေးလေယာဉ်ကွင်းလမ်းနှင့် မျက်နှာချင်းဆိုင်၊ ချမ်းမြသာစည်မြို့နယ်။ |
| | | Asia Energy - စက်မှုပန့်ဆိုင် (မန္တလေး) | ၆၂ လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ယောမင်းကြီး လမ်းကြား၊ မန္တလေးမြို့။ |
| | | Asia Energy (ရမည်းသင်း) | မိုင်တိုင် (၂၉၆/၂၉၇) ရမည်းသင်း၊ တိုးဂိတ်ဘေး၊ ရမည်းသင်းမြို့နယ်။ |
| | | Asia Energy (ပုဂံညောင်ဦး) | ပုဂံ-ကျောက်ပန်းတောင်း၊ ကားလမ်းအထွက်၊ ပုဂံညောင်ဦးမြို့နယ်။ |
| | | Asia Energy (သာစည်-ယင်းမာပင်) | မိုင်တိုင်(၃၄)၊ မိတ္ထီလာ - တောင်ကြီးကားလမ်း၊ ယင်းမာပင်မြို့နယ်။ |
| | | Asia Energy (ပုသိမ်လေးပန့်ဆိုင်) | မန္တလေး မိုးကုတ်လမ်းမကြီး၊ ပုသိမ်လေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။ |
| | | Asia Energy -၆၉ ပန့်ဆိုင် (မန္တလေး) | ဦးပိုင်(၁)၊ အကွက်(တ-၇/စ)၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| | | Asia Energy - ကျောက်ချောပန့်ဆိုင် (မန္တလေး) | ၁၆ မိုင်၊ တိုးဂိတ်အကျော် ကျောက်ချောကျေးရွာ၊ မန္တလေး-ပြင်ဦးလွင်ကားလမ်း။ |
| | | Asia Energy - ၆၂ ပန့် (မန္တလေး) | ၆၂ လမ်း၊ 106 x 107 ကြား မန္တလေးမြို့။ |
| | | Asia Energy (မိတ္ထီလာ) | မိုင်တိုင် (၃၃၃)၊ ညောင်မြစ်လမ်းဆုံ၊ မိတ္ထီလာမြို့နယ်။ |
| ၆ | Myint Myat Htut Khaung International Co.,Ltd | TF | ရေကြည်ပေါက် ကျေးရွာ ၊ အမရပူရ မြို့နယ်၊ စစ်ကိုင်း-မြစ်ငယ် လမ်းမ |
| ၇ | Aye Nyein Thar | Petro K Meikhtila | မိတ္ထီလာ-ကျောက်ပန်းတောင်းအဝေးပြေးလမ်းမကြီး၊ ကျောက်ပန်းတောင်းမြို့နယ် |
| | | Petro K Pyawbwe | ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး၊ ပျော်ဘွယ်မြို့နယ် |
| | | Petro K Yinmarbin | မိတ္ထီလာ-တောင်ကြီးအဝေးပြေးလမ်းမကြီး၊ |
| ၈ | Best Oil Co; Ltd | PT Power (ရမည်းသင်း) | တဘက္ကာကျေးရွာအုပ်စု |
| | | BOC (မန္တလေး-၃၅လမ်း) | အမှတ်(၄၅)/မ-၈၃၊၃၅လမ်း၊၅၂ x ၅၃ လမ်းကြား |
| | | BOC (မန္တလေး-၆၂လမ်း) | အမှတ်(D-1)၊၆၂လမ်း၊ တွတ်ပီကွေ့၊စက်မှုပန်းခြံလမ်း |
| | | BOC (တံတားဦး (BOC Express)) | မိုင်တိုင်(၃၇၅)၊ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ တံတားဦးအဝိုင်းထိပ် |
| | | BOC (အမရပူရ(ရွှေပန်းချီ) ) | စစ်ကိုင်း-မန္တလေးကားလမ်းဟောင်း၊တံတားဖြူအနီး |
| | | BOC (မြင်းခြံ) | မန္တလေး-မြင်းခြံကားလမ်းမကြီးဘေး၊ချောင်းဒေါင်းရပ် |
| | | BOC (ကျောက်ပန်းတောင်း) | မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမကြီးဘေး၊ ကျောက်ပန်းတောင်းတိုးဂိတ်အနီး၊အင်တောကျယ်ကျေးရွာ |
| | | BOC (ညောင်ဦး) | ညောင်ဦး-မြင်းခြံကားလမ်းမကြီးနှင့်ညောင်ဦး မြို့ရှောင်လမ်းဆုံအနီး၊ မြေနဲလေးကျေးရွာ |
| | | BOC (စဉ့်ကိုင်) | ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၊ ပေါ်တော်မူဘုရားအနီး |
| | | BOC (မန္တလေး-၇၈ လမ်း) | ၇၈ လမ်းနှင့် စစ်ကိုင်းလမ်းခွဲထောင့် ၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးတိုင်းဒေသကြီး။ |
| | | ရွှေလီ (ပျော်ဘွယ်) | ဝါးရင်းထုတ်ကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး။ |
| | | BOC (ပြင်ဦးလွင်) | မိုင်တိုင် ၅၀ မိုင်၊မန္တလေး-လားရှိုးကားလမ်းမကြီးဘေး၊ ပြင်ဦးလွင်။ |
| ၉ | Gon Yi Soe Trading Co.,Ltd | Black Gold ( Pyin Oo Lwin ) | အမှတ်၂၀၄-AA မန္တလေး-လားရှိုးလမ်းမကြီး၊ ရေချမ်းအိုး ၊ ပြင်ဦးလွင်မြို့။ |

## နေပြည်တော်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Moon Sun Energy | Moon Sun Energy | နန်းသြကျေးရွာ၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင် (၂၆၀) လမ်းမပေါ်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။ |
| ၂ | Aye Nyein Thar | Petro K Tatkon | ရန်ကုန်-မန္တလေးအဝေးပြေးလမ်း၊တပ်ကုန်းမြို့နယ် |
| ၃ | Best Oil Co; Ltd | PT Power (ဥတ္တရသီရိ) | အမှတ်(၁၉)၊မန္တလေးလမ်းနှင့်မြဝတီလမ်းထောင့် |
| | | PT Power (ဒက္ခိဏသီရိ) | ဗိုလ်(၄)လမ်းနှင့်ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/ဝန်ဆောင်မှုဇုန်ရပ် |
| | | PT Power (သာဝတ္ထိ) | ကြာအင်းဇလုပ်ကျေးရွာအနီး၊သာဝတ္ထိကျေးရွာအုပ်စု |

## ပဲခူးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဒီဇယ်ဆီအရောင်းဆိုင်စာရင်း

| စဉ် | ကုမ္ပဏီအမည် | အရောင်းဆိုင်အမည် | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|
| ၁ | Shwe Byain Phyu Co.,Ltd | SBP ( Min Hla ) | ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ သရက်တပင်ကျေးရွာအုပ်စု၊ ရန်ကုန်-ပြည် ကားလမ်းဘေး |
| | | SBP ( Oak Phoe ) | ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ပန်တင်ကျေးရွာအုပ်စု၊ မိုးညိုတန်းလမ်း |
| | | SBP ( Lat Pa Tan ) | လက်ပံတန်းဆိုင်ဆိုင်အမှတ်(၀၁၄)၊ လက်ပံတန်း-မော်အင်းလမ်းကြီး၊ ကျွန်းကလေးကျေးရွာလက်ပံတန်းမြို့၊သာယာဝတီခရိုင်ပဲခူးတိုင်းအနောက်ပိုင်း။ |
| | | SBP ( Pyay ) | ပဲခူတိုင်းဒေသကြီး၊ ပြည်ခရိုင် ပြည်မြို့၊ မြေပဒေသာရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး။ |
| | | SBP (Paung Ta Lae ) | ပဲခူတိုင်းဒေသကြီး၊ ပြည်ခရိုင်ပြည်မြို့နယ်၊ ပေါင်းတလည်မြို့အနောက်ပိုင်းရပ်ကွက်၊ ပြည် -တောင်ငူ လမ်းမကြီးဘေး။ |
| ၂ | Kyaw San Co.,Ltd | KS(008) | တောင်နန်းချွန်ကျေးရွာ၊ ရေတာရှည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| | | KS(032) | မဲခုန်ကျေးရွာ ၊ ပဲခူးမြို့ ၊ ပဲခူးမြို့ရှောင်လမ်း |
| ၃ | Khine Khine Phyo Int'l Trading Co Ltd | KKP Intakaw | ရန်ကုန်-ပဲခူးအဝေးပြေးလမ်း၊ အင်းတကော်မြို့နယ် |
| ၄ | Anawar Hlwam Co.,Ltd | Yadana Petrol Station (သုံးဆယ်) | ရန်ကုန်-ပြည်လမ်း၊ အရှေ့ရိုးကြီးရပ်ကွက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| | | Yadana Petrol Station (သာယာဝတီ) | အမှတ်(၁၀/ခ)၊ ပြည်လမ်း၊ ဈေးပိုင်းရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| | | Yadana Petrol Station (ပေါင်းတည်) | အမှတ်(၃၆)၊ ဈေး(၂)ရပ်ကွက်၊ ပြည်လမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| | | Yadana Petrol Station (ရွှေတောင်) | ကြာနီကန်ရပ်ကွက်၊ရန်ကုန်-ရွှေတောင်-ပြည်လမ်းမကြီး၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| | | Yadana Petrol Station (လက်ပံတန်း) | ကျွန်းကလေးကျေးရွာ၊ ချမ်းသာကုန်းကျေးရွာအုပ်စု၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၅ | Myint Myat Htut Khaung International Co.,Ltd | Nilar Yoma (Taungoo) | ရန်ကုန်-နေပြည်တော် အမြန်လမ်း (၁၄၆) မိုင် တောင်ငူမြို့။ |
| | | Nilar Yoma (006) | နဝဒေးရပ်၊ ဘုရင့်နောင် လမ်းမကြီး၊ ပြည်မြို့ |
| ၆ | Aye Nyein Thar | ထက်ကေရီ | ရန်ကုန်-မန္တလေးလမ်းမကြီး၊ (၁၀၅) တပ်ရှေ့၊ အင်းတကော်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| | | Petro K Oktwin | ရန်ကုန်-မန္တလေး အဝေးပြေးလမ်း၊ အုတ်တွင်းမြို့နယ်။ |
| | | Petro K Yedashe | ရန်ကုန်-မန္တလေးအဝေးပြေးလမ်း၊ ရေတာရှည်မြို့နယ်။ |
| | | Petro K Shwedaung | ရန်ကုန်-ပြည်အဝေးပြေးလမ်း၊ ရွှေတောင်မြို့နယ်။ |
| | | Tharaphu | ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အုတ်တွင်းမြို့နယ်။ |
| ၇ | Best Oil Co; Ltd | PT Power (ပဲခူး) | ကလိ(တပ်ကလေး)ကျေးရွာအုပ်စု။ |
| | | PT Power (ခေတ္တရာ) | ထန်းပေါက်ကျေးရွာ၊ ငါးရွာကျေးရွာအုပ်စု တာ၀ွ။ |
| | | PT Power (ပြည်) | နဝဒေးလမ်း ၊ ရွာဘဲရပ်ကွက် |
| | | BOC ၁၃၈ မိုင် (အမြန်လမ်း) | ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး၊ အုတ်တွင်းလမ်းခွဲ၊ (၁၃၈ မိုင်-၃ ဖာလုံ)။ |
| | | ရွှေလီ (ဝမ်းဘဲအင်း) | မိုင်တိုင်(၆၄/၇)၊ ဝမ်းဘဲအင်းကျေးရွာ။ |
| | | ရွှေလီ (အင်းတကော်) | အင်းတကော်(၁၀၇)တပ်ရင်းအရှေ့၊ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ပဲခူးတိုင်းဒေသကြီး။ |
| | | ထိပ်တန်း (ပန်းတောင်း) | ပြည်-တောင်ကုတ်လမ်း၊ နဝဒေးတံတား ထိပ်၊ ပန်းတောင်းမြို့နယ်။ |

*(ဆက်လက်ဖော်ပြပါမည်)*

## စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**စေတုတ္တရာ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ် ခြောက်လတာကာလအတွင်း ငွေကျပ် ၁၁၇ ဒသမ ၃၅ သန်း အသုံးပြုကာ စေတုတ္တရာ မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ဒီဇင်ဘာလ ဒုတိယအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

"သောက်သုံးရေ ရရှိရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ တွင်းတိမ်၊ တွင်းနက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတွေ၊ ချောင်းရေတင်ခြင်း လုပ်ငန်းတွေနဲ့ စိမ့်စမ်းရေ သွယ်တန်းခြင်း လုပ်ငန်းတွေမှာ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး အမြင့်ပေ ၂၀ ရှိ အမြင့်တင်ရေစင်တွေ၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တွေ၊ ရေစက်ရုံတွေ တစ်ပါတည်း ဆောင်ရွက်ပေးပါတယ်။ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းမှာ ခြံစည်းရိုးကာရံခြင်းတွေ၊ အချို့ရေကန်တွေမှာ လက်နှိပ်တုံကင် တပ်ဆင်တာတွေ ဆောင်ရွက်ပေးပါတယ်။ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းမှာ လက်နှိပ်တုံကင် တပ်ဆင်တာတွေ ဆောင်ရွက်ပေးပါတယ်။ အခြားရေရရှိရေးလုပ်ငန်းမှာ စင်မြင့်ရေစင်တည်ဆောက်တာတွေ၊ ရေပိုက်လိုင်းသွယ်တန်း



ပေးတာတွေ၊ ရေမြှုပ်ပန့်လှဲလှယ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟု မြို့နယ် ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောသည်။

အဆိုပါသောက်သုံးရေရရှိရေး ဆောင်ရွက်သည့် ကျေးရွာရှစ်ရွာမှာ သရက်ချောင်း၊ ပဈူ၊ ဝန်လို၊ ခြင်ပြင်ကိုင်း၊ ပေါက်ချောင်း၊ မြောင်ဦး၊ ထန်းကိုင်းနှင့် အောင်းကျေးရွာများဖြစ်ပြီး အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှစ်ရွာရှိ အိမ်ခြေ ၆၁၆၊ လူဦးရေ ၂၆၆၆ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေများ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်(ကျေးလက်)**

## ပေါင်းလောင်းချောင်းအတွင်း ငါးသားပေါက်ကောင်ရေ လေးသိန်း မျိုးစိုက်ထည့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာများကို ပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အထက်ပေါင်းလောင်းချောင်းအတွင်း ဖေဖော်ဝါရီ ၂၄ ရက်က ငါးမျိုးစိုက်ထည့်ပွဲပြုလုပ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများစုပေါင်း၍ ပေါင်းလောင်းချောင်းအတွင်း ရေဆင်းငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ထိုင်းငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ လေးသိန်းကို မျိုးစိုက်ထည့်ပေးသည်။

**သတင်းစဉ်**

## ငဖဲမြို့နယ်အတွင်း တိမ်းရှောင်ပြောင်းရွှေ့နေထိုင်လာသည့် ပြည်သူများအား ဆန်ရိက္ခာဖိုးများ ထောက်ပံ့ပေးအပ်

**ငဖဲ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ငဖဲမြို့နယ် ပင်ဦးကျေးရွာအုပ်စု ပင်ဦးကျေးရွာနှင့် ကံရွာကျေးရွာတို့တွင် စေတုတ္တရာမြို့နယ် သက္ကယ်တောင်ကျေးရွာမှ တိမ်းရှောင်ပြောင်းရွှေ့နေထိုင်လာသည့် အိမ်ထောင်စုဝင်များကို ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်က ပင်ဦးကျေးရွာသို့သွားရောက်၍ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မင်းဘူးခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးဝဏ္ဏကျော်နှင့် ဝန်ထမ်းများသွားရောက်ကာ စေတုတ္တရာမြို့နယ် သက္ကယ်တောင်ကျေးရွာမှ ပင်ဦးကျေးရွာနှင့် ကံရွာကျေးရွာများသို့ တိမ်းရှောင်ပြောင်းရွှေ့နေထိုင်လာသည့် အိမ်ထောင်စု ၁၀ စုမှ လူဦးရေ ၄၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ တစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၉၆၀၀၀ နှင့် ကျောင်းဝတ်စုံ ၁၈ စုံကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော အိမ်ထောင်စု ၁၃စုမှ လူဦးရေ ၅၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၇၀၀၀၀ ကို လည်းကောင်း အိမ်ထောင်စုဝင်များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **မယု(ငဖဲ)**

## မိတ္ထီလာမြို့ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးသို့ တစ်နာရီ လီတာ ၄၀ အိုး လေးလုံး ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်နှင့်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တစ်နာရီ လီတာ ၄၀ အိုး လေးလုံး ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်နှင့် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အောက်ဆီဂျင် စက်နှင့် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အမှာစကားပြောကြားပြီး အောက်ဆီဂျင်စက် လှူဒါန်းသည့် အလှူရှင် တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဖောင်ဒေးရှင်းမှ Ms Lin Yuan က အောက်ဆီဂျင်စက် လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာ အောင်ကျော်စိုးက ဂုဏ်ပြုလွှာ ပေးအပ်သည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ အလှူရှင် ဦးကျော်အေး၊ ဒေါ်သန်းနွဲ့ကျော် ကားပစ္စည်းဆိုင်ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

❂ *ကျောဖုံးမှ*

ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း နိုင်ငံတကာခြေစမ်းပွဲများ ကစားနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြိုးပမ်းနေခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမတိုင်မီက ယူအေအီးနိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲများ ကစားခဲ့သော်လည်း အာဆီယံ ယူ-၂၃ ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ကစားနိုင်ခြင်းမရှိခဲ့ပေ။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ယခုလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် ၂၀၂၂ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အုပ်စုပထမနေ့ ကစားမည့်ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေးရာ Positive အဖြေထွက်ခဲ့သဖြင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

မြန်မာယူ-၂၂ အသင်းသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလကုန်ပိုင်းကလည်း ကာဂျစ္စတန်နိုင်ငံ၌ကျင်းပသည့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့ပြီး ယင်းကာလကတည်းက တောက်လျှောက် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ယခု ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်းကိုလည်း ယခင်ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစုဖြင့် ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်က ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၂ နှစ်အောက်အဖြစ် ကျင်းပမည်ဖြစ်ပြီး အသက်ကျော် ကစားသမားသုံးဦး အသုံးပြုခွင့်ရမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသား ဘောလုံးပြိုင်ပွဲကိုမူ ဖွင့်ပွဲရက်မတိုင်မီ ပြုလုပ်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## အိမ်ကွင်းမှာ စပါးကို ဂိုးပြတ်ရှုံးပွဲ ထပ်မံကြုံတွေ့ခဲ့သည့် လိဒ်စ်

ပရီမီယာလိဂ်ပွဲစဉ် (၂၇) ၏ အစောဆုံးပွဲစဉ်အဖြစ် လိဒ်စ်အသင်းနှင့် စပါးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းက လိဒ်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက တိုက်စစ်ခြေစွမ်းပြပြီး လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အသင်းကြီးများနှင့် တွေ့ဆုံပြီး ဆက်တိုက်ရှုံးပွဲကြုံနေသည့် လိဒ်စ်အသင်းသည် ယခုပွဲစဉ်တွင်လည်း ကွန်တီ၏ စပါးအသင်းကို ထပ်မံဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် လိဒ်စ်အသင်းသည် နောက်ဆုံးခြောက်ပွဲတွင် တစ်ပွဲသာ သရေကျထားပြီး ငါးပွဲအထိ ရှုံးနိမ့်လာခဲ့ပြီ ဖြစ်သည်။ ထို့အပြင် လိဒ်စ်အသင်းသည် ၂၀၀၅ ခုနှစ်က ဆန်းဒါးလန်းအသင်း ပြီးနောက် ပရီမီယာလိဂ်သမိုင်းတစ်လျှောက်တွင် ငါးပွဲဆက် သုံးဂိုးနှင့်အထက် ခွင့်ပြုပေးခဲ့ရသည့် ဒုတိယမြောက် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပွဲချိန် ၁၀ မိနစ်တွင် ဆီဆက်နွန်၏ ဖန်တီးမှုမှ ဒိုဟာတီက စပါးအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဦးဆောင်ဂိုးရရှိပြီး မကြာမီ စပါးအသင်း ဒုတိယဂိုးရရှိခဲ့ရာ ဒိုဟာတီ၏ ဖန်တီးမှုမှ ကလူးဆက်စကီးက သွင်းယူပေးခဲ့သည်။ သွင်းဂိုးနှစ်ဂိုး ခွင့်ပြုလိုက်ရသော်လည်း လိဒ်စ်အသင်း၏ ကစားအားတက်လာခြင်းမရှိဘဲ စပါးအသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရသည်။ ပွဲချိန် ၂၇ မိနစ်တွင် စပါးအသင်း တတိယဂိုးရရှိခဲ့ပြီး ကိန်းက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် လိဒ်စ်အသင်းသည် လူစားလဲမှုများ ပြုလုပ်ကာ စပါးအသင်းကို ရင်ဆိုင်လာသော်လည်း ရရှိလာသည့် အခွင့်အရေးများကို အသင်းကစားသမားများ အဆုံးသတ်အားနည်းခဲ့သည်။ စပါးအသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ဆွန်ဟောင်မင်းက သွင်းယူပေးခဲ့သည်။



လိဒ်စ်အသင်းဘက်သို့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း တတိယဂိုး သွင်းယူစဉ်။

အခြားပွဲစဉ်များတွင် ဆောက်သမ်တန်က နော့ဝှစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး နယူးကာဆယ်က ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဘရိုက်တန်ကိုဗီလာက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ပဲလေ့စ်နှင့်ဘန်လေ တစ်ဂိုးစီသရေ၊ မန်ယူနှင့် ဝက်ဖို့ဒ် ဂိုးမရှိသရေ ဖြစ်ခဲ့သည်။

**အောင်ဇော်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

# တရားမဝင် သစ်ပရိဘောဂပစ္စည်းများ၊ လူသုံးကုန်နှင့် စက်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်များအတွင်း တရားမဝင် ကျွန်းပရိဘောဂပစ္စည်းများ၂ ဒသမ ၆၈၄၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၅၃၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၂၅ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲနှင့် တာဝန်ကျအကောက်ခွန်အဖွဲ့တို့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေငြာလွှာ IDတွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်၊ စက်ပစ္စည်းများနှင့် Printer အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၂၃၀၀၀)ကိုလည်းကောင်း၊ သွင်းကုန်ကြေငြာလွှာ ID တွင် ကြေညာထားသည်ထက် ကွဲလွဲစွာပါရှိလာသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၂၃၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေး အဖွဲ့များမှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမှ မော်လမြိုင်သို့ သွားရောက်မည့် ကုန်တင်ယာဉ်ပေါ်၌ အကောက်ခွန် ပေးဆောင်ထားသည့် ကုန်ပစ္စည်းများနှင့်အတူ ရောနှော သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံ



ထုတ် တရားမဝင် အိမ်သုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၂၆၁၃၂၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မံစီမြို့နယ် ကုန်းတိန်ကျေးရွာအုပ်စု မန်ဝိန်းကျေးရွာအနီး ဗန်းမော်- ရွှေကူသွားကားလမ်းတွင် ကိုနိုင်(ခ)အိုက်ရှန်ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ တို့ကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် ကျန်စစ်သားလမ်းတွင် နိုင်လင်းအောင် မောင်းနှင်ပြီး ဝေယံစိုး လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀၀၊ ဆေးခြောက် သုည ဒသမ ၀၁ ကီလို၊ အိုက်စ် သုည ဒသမ ၀၀၂ ကီလိုနှင့် မြန်မာငွေကျပ် သုံးသိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီ ၂၅ မိနစ်တွင် အင်းစိန်မြို့နယ် ကမ်းနား (အနောက်)ရပ်ကွက် ဓနသိဒ္ဓိလမ်းနေ ဝင်းပြည့်ကျော်နှင့် ထက်ရှိန်းတို့ နှစ်ဦးအား ၎င်းတို့၏ နေအိမ်၌လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် တုံကျက်ကျေးရွာအုပ်စု ရောက်စင်စူးကျေးရွာအနီးတွင် ဟော်စီးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ကိုနိုင်(ခ)အိုက်ရှန်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

# ကလေးဝမြို့နယ်၌ တရားမဝင်ရွှေတူးဖော်သူများအား ရွှေမျှော ၃၄ ဖောင်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၌ ဖေဖော်ဝါရီ ၂၅ ရက်က တရားမဝင် ရွှေတူးဖော်သူအမျိုးသား ခြောက်ဦးအား တရားမဝင်ရွှေမျှော ၃၄ ဖောင်၊ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ကလေးဝမြို့နယ် ကျွဲနန်းကျေးရွာအနီး ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်၌ တရားမဝင် ရွှေမျှောလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ ကလေးဝမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ကျွဲကူးကျေးရွာနေ မင်းအောင်(၄၈)နှစ်၊ မိတ္ထီလာမြို့ မြို့မရပ်ကွက်နေ ရဲမွန်အောင် (၄၀)နှစ်၊ ကလေးဝမြို့ အမှတ်(၃)ရပ်ကွက်နေ သန့်ဇင်ထွန်း (၃၅)နှစ်၊ အောင်ချမ်းသာကျေးရွာနေ လှမင်းနိုင်(၄၂)နှစ်၊ အမှတ်(၁)ရပ်ကွက်နေ သိန်းနိုင်(၅၅)နှစ်၊ ဟုမ္မလင်းမြို့ နောင်ပကျစ်ကျေးရွာ မင်းမင်းနိုင်(၄၀)နှစ်တို့ ခြောက်ဦးအား ရွှေမျှောလုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ကားအင်ဂျင်ခြောက်လုံးထိုးတစ်လုံးစီ တပ်ဆင်ထားသော ရွှေမျှောဖောင် ၃၄ ဖောင်၊ မျှောစင် ၃၄ စင်၊ ရေခရု ၃၄ လုံး၊ သံပိုက်လုံး ၂၃၈ လုံး၊ ကော်ပိုက်လုံး ၃၄ လုံး၊ ၁၂ ဗို့ဘက်ထရီအိုး ၃၄ လုံး၊ သံပီပါခွံ အလုံး၁၇၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းတို့အား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲများလှူဒါန်း

**စစ်တွေ ဖေဖော်ဝါရီ ၂၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ် အတွင်း ကိုဗစ်ကာလ ဆွမ်း အခက်အခဲရှိသည့် ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်း ဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုး ဆက်ကပ်လှူဒါန်းလျက် ရှိသည့် အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး စင်တာများ သို့ ကျန်းမာရေးဆိုင်ရာ အထောက် အကူပြုပစ္စည်းများနှင့် အင်အား ဖြည့် အစားအစာများကို ထောက်ပံ့ လှူဒါန်းလျက်ရှိ ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မောင်တော ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မြင့်ဦးနှင့် ဝန်ထမ်းများက မောင်တော မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း ရှိ ရဟန်းသာမဏေများအတွက် ဆွမ်း၊ ဆန်တော်၊ ဆီ၊ ပဲ များကို သွားရောက်ဆက်ကပ် လှူဒါန်း ကြသည်။**(အပေါ်ပုံ)**

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ခရိုင်နှင့်မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ကုသရေး စင်တာများသို့ ဆက်လက်ထောက်ပံ့ လှူဒါန်း သွားမည်ဖြစ်ကြောင်းလည်း သိရ သည်။

**ကိုထွန်း**



# သီပေါမြို့ရှိ အောက်ဆီဂျင်စက်ရုံအား Oxygen Plant နှင့် မီးစက် ပေးပို့လှူဒါန်း

**သီပေါ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါလူနာ များနှင့် အခြားနာမကျန်းလူနာများ၏ အောက်ဆီဂျင်လိုအပ်ချက်မဖြစ် ပေါ်စေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေး ပေါ်တုံ့ပြန်ရေးကော်မတီတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်အောက်ဆီဂျင် ဖြစ်မြောက်ရေး ကော်မတီမြို့မိမြို့ဖများ၊ စေတနာရှင်များနှင့်ပူးပေါင်း ကာ အောက်ဆီဂျင်စက်ရုံကို ဒုဋ္ဌဝတီမြစ်အရှေ့ဘက်ကမ်း မြို့ဟောင်း ကျေးရွာ၌ အောက်တိုဘာလဆန်းမှ စတင်လည်ပတ်၍ အောက်ဆီဂျင် ထုတ်လုပ်လျက် လိုအပ်သူများကို စတင်ဖြန့်ဖြူးပေးလျက်ရှိသည်။

### အကောင်းဆုံးဝန်ဆောင်မှု

ထိုသို့ဖြန့်ဖြူးပေး လျက်ရှိရာ အောက်ဆီဂျင်ပိုမိုဖြန့်ဖြူးပေးနိုင် ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ပေးပို့သော Oxygen Plant နှင့် မီးစက်တို့ကို မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်ထားသောနေရာတွင် အန္တရာယ်ကင်းစွာတပ်ဆင်ပြီး အောက်ဆီဂျင်လိုအပ်သော ဒေသခံ ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရ သည်။

**စိုင်း(သီပေါ)**



မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ပေးပို့လှူဒါန်းသော Oxygen Plant နှင့် မီးစက်တို့ကို တွေ့ရစဉ်။

# နန်းယွန်း၊ ပန်ဆောင်၊ ဒုံးဟီးမြို့နယ်များတွင် ဆီမုန်ညင်း ၁၈၈၅ ဧက စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

